နန့်ပေါင်လီဆူ၊နယ်မြေ(၄)

မော်ဖောင်းကျေးရွာအုပ်စု၊ မြစ်ကြီးနားမြို့နယ်

ကချင်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း(၂၀၁၈-၂၀၂၂)

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ နန့်ပေါင်လီဆူ နယ်မြေ(၄) ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဩဂုတ်လ၊ ၂၀၁၈

## မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘာသာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှုများ

၅။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

၆။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း


(ဂ) ဦးစားပေးစီမံချက်များ


(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၇။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

၈။ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာဇယား

၉။ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ




Jan
Feb
Mar
April
May
June
July
August
Sep
Novem
Decem



## ၁။ တည်နေရာနှင့် ပထဝီအနေအထား

မော်ဖောင်း(နယ်မြေ(၄)) ကျေးရွာသည်ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့နယ်၊ မော်ဖောင်းကျေးရွာအုပ်စု၊ မြစ်ကြီးနားမြို့၏ အနောက်ဘက်(၉)မိုင်အကွာ ၊ မြောက်လတ္တီကျွတ် ၂၅.၃၇၆၉၈ နှင့် အရှေ့လောင်ဂျီကျွတ် ၉၇.၂၉၂၈၉ ၊မြစ်ကြီးနား-မန္တလေး ကားလမ်းပေါ်တွင် တည်ရှိသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ရရှိသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်(၂၀၀) ဧက၊ ပြောင်းဖူး ၊ဆီမုန့်ညှင်း၊ အာလူး ဆောင်းသီးနှံ စိုက်ပျိုးနိုင်သော ဧက(၄၀၀)ဧက ရှိသည်။ ရေသွင်း မြောင်း အဆင့်မြှင့်တင်ခြင်းမရှိသည့်အတွက် နွေစပါး စိုက်ပျိုးနိုင်ခြင်းမရှိ ကြပါ။ ကျေးရွာအနီးတွင် ဧရာဝတီမြစ်ရှိသော်လည်း စိုက်ပျိုးရေအတွက် ထိရောက်စွာ အသုံးပြုနိုင်ခြင်းမရှိ ကြပါ။ သဘာဝပေါက် ဆေးဖက်ဝင်အပင်များမှာ တောရှောက်၊ သစ်မွှေး၊ ဒဏ်ကြေဆေးမြစ်၊ဆေးနွယ်ပင်၊ ဆင်တုံးမနွယ်၊နွယ်နီ များရှိသော်လည်း ကျေးရွာဖွံ့ဖြိုး ရေးအတွက် ထိရောက်စွာအသုံးမပြုနိုင်ကြပါ။

## ၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်း အဖွဲ့ပေါင်း (၇) ဖွဲ့ရှိပြီး (၅)ဖွဲ့မှာ လူမှုရေးကိုအခြေခံပြီး၊(၂)ဖွဲ့ မှာ ဘာသာ ရေးကို အခြေခံသော အဖွဲ့အစည်းများဖြစ်သည်။ ဘာသာရေးအဖွဲ့(၂)ဖွဲ့၏ လုပ်ငန်း လုပ်ဆောင်မှုများသည် ကောင်းမွန်ပြီး ကျန်အဖွဲ့(၅)ကို သုံးသပ်ရာတွင်ကျေးရွာမှ မိမိတို့ကိုယ်တိုင် လို အပ်ချက်အရ ဖွဲ့စည်းသော အဖွဲ့များသည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ် တည် နိုင်ကြသည်။ ပြင်ပမှဖွဲ့သောအဖွဲ့များအပေါ် ယုံကြည်မှု အားနည်းသည်။ လုပ်ငန်းစွမ်းဆောင်မှုလည်း အားနည်းသည်။ ရေရှည်ရပ်တည်နိုင်မှုမ ရှိကြပါ။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ် မိုးစပါးစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး၊ ပြောင်းဖူး၊အာလူးနှင့် ဆီမုံညှင်းဖြစ်သည်။ **ကျေးရွာတွင် လယ် ၆၇ ဧက၊ တောင်ယာမြေ ၁၃၇ ဧက၊ ဥယျာဉ်ခြံ မြေ ၉၁ ဧက၊ ကိုင်း/ကျွန်းမြေ ၈၉ ဧကနှင့် မြေလွတ်မြေလပ် ၁၆ ဧက၊ စုစုပေါင်း မြေ (၄၀၀) ဧကရှိသည်။ ကိုင်း/ကျွန်းမြေမှာ မြေဆီလွှာအရည်အသွေးကောင်းသော်လည်း ကျန်စိုက်ပျိုးမြေများမှာ မြေဆီလွှာ အရည်အသွေးသင့်သည်။ မြေလွတ်မြေလပ်များရှိသော်လည်း ကျေးရွာ နှင့် ၂ဖာလုံခန့် ဝေးပြီး ဦးပိုင်မြေများဖြစ်သောကြောင့် စိုက်ပျိုးမြေချဲ့ထွင်နိုင်ခြင်းမရှိကြပါ။ ဧရာဝတီမြစ် အနောက်ဖက်ကမ်းရှိ လယ် များမှာ မိုးရေနှင့် ရေသွင်းမြောင်းမှရေ ကိုသာ အားကိုးစိုက်ပျိုးနေကြရပြီး** စပါးတစ်ဧက အနည်းဆုံး တင်း (၂၂) မှ အများဆုံးတင်း (၅၀) ရှိပြီး ပျမ်းမျှ တစ်ဧက (၃၆) တင်းနှုန်းထွက် သည်။ မိုးစပါးကို ဇူလိုင် လတွင် စတင်ပျိုးထောင် စိုက်ပျိုး ကြပြီး နိုဝဘ်ာလတွင် ရိတ်သိမ်းကြသည်။

ပြောင်းဖူးကို အောက်တိုဘာလတွင် စိုက်ပျိုးကြပြီး ဧပြီလတွင် ရိတ်သိမ်းကြသည်။ တစ်ဧက အနည်းဆုံး (၄၂) တင်းမှအများဆုံး (၅၀) တင်းထွက်ရှိပြီး ပျမ်းမျှ တစ်ဧက (၄၆) တင်းနှုန်း ထွက်သည်။

ဆီမုံညှင်း စိုက်ဧက (၄၀) လောက်ရှိပြီးအောက်တိုဘာလတွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် ရိတ်သိမ်းသည်။ တစ်ဧ အနည်းဆုံး (၉) တင်းမှ အများဆုံး တစ်ဧက (၁၅) တင်းနှုန်းထွက်သဖြင့် ပျမ်းမျှ အထွက်နှုန်း (၁၂) တင်းနှုန်းထွက်သည်။

အာလူးစိုက်ဧက (၁၀၀) လောက်ရှိပြီး  အောက်တိုဘာလတွင်စိုက်ပျိုးကား ဖေဖော်ဝါရီလတွင် ရိတ်သိမ်းကြသည်။ တစ်ဧက အနည်းဆုံး (၃၅၀) ပိဿာမှ အများဆုံး ပိဿာ (၇၀၀) ထိထွက်သည်။

ဟင်းသီး/ရွက်ကို ဝင်ငွေရသီးနှံအနေဖြင့် စိုက်ပျိုးကြပြီး မြစ်ကြီးနားမြို့သို့ သွားရောက် ရောင်းချကြသည့်အခါ တစ်ခါတစ်ရံ ရောင်းမကုန်သည့်အခါမျိုးလည်း ရှိကြသည်။

ဥယျာဉ်ခြံစိုက်ပျိုးနိုင်သောမြေ(၉၁)ဧကရှိပြီး၊ နှစ်ရှည်ပင် သစ်မွှေး၊ရာဘာ၊ ခရင်း စသည်တို့ကို စိုက်ပျိုးလေ့ရှိကြသည်။

စပါး၊ ဟင်းသီးဟင်းရွက်စသည်တို့အတွက် စျေးကောင်းမရသောကြောင့် လယ်သမားများ အကျိုး အမြတ် ရရှိမှုနည်းပါသည်။ မိရိုးဖလာစိုက်ပျိုးလာသော ဖော်ပြပါသီးနှံများကိုသာ စိုက်ပျိုးနိုင်ကြပြီး အခြားဈေးကွက်ဝင်သီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ သီးနှံထုတ်လုပ်မှုမှ ဝင်ငွေနည်းသည့်အတွက် လူငယ်များသည်ပြင်ပသို့ထွက်၍ဝင်ငွေရှာကြရပါသည်။အကျိုးဆက်အနေဖြင့် သီးနှံထုတ်လုပ်မှုတွင် လုပ်သား ရှားပါးလာပါသည်။

ကျေးရွာအနီး သယံဇာတအနေဖြင့် ဧရာဝတီမြစ်အတွင်း ရွှေကျင်ရရှိနိုင်သည် ထွက်ရှိမှုနည်းသော်လည်း ရွှေကျင်ယူရရှိနိုင်သည်။

ကျေးရွာတွင်အိမ်ထောင်စု (၁၈၀)ရှိသည့်အနက် မြေယာမဲ့ ၁၁၆ အိမ်၊ ဆင်းရဲသားတောင်သူ ၂၄အိမ်၊ တောင်သူ ငယ် ၉အိမ်၊ တောင်သူလတ် ၂၅ အိမ်နှင့် တောင်သူကြီး ၆အိမ်ရှိသည်။ မြေယာမဲ့၊ ဆင်းရဲသားတောင်သူနှင့် တောင်သူငယ်သည် အရေအတွက်အားဖြင့် (၁၄၉) ဦးရှိသော်လည်း မြေယာပိုင်ဆိုင်မှုမှာနည်းပြီး တောင်သူလတ်နှင့် တောင်သူကြီးမှာ အရေအတွက်မှာ (၃၁) အိမ်သာရှိပြီး နည်းသော်လည်း မြေယာပိုင်ဆိုင်မှု အလွန်များသည်ကို တွေ့ရသည်။ မြေယာပိုင်ဆိုင်မှု မညီမျှမှုရှိကြောင်းတွေ့ ရသည်။

ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း စီးပွါးဖြစ်မွေးမြူလေ့ မရှိကြပါ။ နွားကို ၄၅ အိမ်မှ ၁၃၁ ကောင်၊ နို့စားနွားကို ၃၀ အိမ်မှ ၁၅၉ ကောင်၊ ဆိတ်ကို ၁၁ အိမ်မှ ၃၃ ကောင်၊ သိုးကို ၁ အိမ်မှ ၅ ကောင်၊ ဝက်ကို ၃၉အိမ်မှ ၁၁၈ ကောင်၊ ကြက်ကို ၁၁၇ အိမ်မှ ၁၁၈၇ ကောင်နှင့် ဘဲကို ၆ အိမ်မှ ၃၇ ကောင် မွေးမြူကြသည်။ မွေးမြူရေးနှင့် ပါတ်သက်၍ ဈေးနှင့် နီးပြီး ဈေးကွက်အလုံလောက်ရှိပြီး တိုးမြှင့်မွေးမြူလိုကြသော်လည်း မွေးမြူရေးချေးငွေမရှိ။ အရင်းအနှီးနည်းသည်။ သားသတ်လိုင်စင်၏ ခေါင်းပုံဖြတ်မှုခံရသည်။ လွတ်လပ်စွာ ရောင်းချခွင့်မရှိကြသောကြောင့် ဈေးကောင်းမရ၊အကျိုးအမြတ်နည်းနေသေးသည်။ ဧရာဝတီမြစ်အတွင်း ရေချိုငါးဖမ်းယူရောင်းချသော အိမ် (၃) အိမ်ရှိသည်။ နှစ်စဉ်ရာသီအလိုက်ရောဂါများ ကျရောက်သော်လည်းကျေးရွာတွင် တိမွေးကုသင်တန်း ဆင်း (၁) ဦးရှိပြီး လိုအပ်သည့်အချိန်တွင် ဝန်ဆောင်မှု အလွယ်တကူ ရနိုင်ကြသည်။

## (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် သောက်ရေတွင်း( ၄၆) တွင်း၊ အဝီစိတွင်းစက်တပ် ၁ တွင်း၊ အဝီစိတွင်းတုံကင် (၈၁) တွင်း ၊မိုးရေလှောင်ကန် (၂)ခု နှင့် ကိုယ်ပိုင်ရေကန် ၂ ခုရှိသော်လည်း ရေအရည်အသွေး ကောင်း/မကောင်းမသိကြပါ။ ထို့ကြောင့်သောက်ရေအရည်အသွေး စစ်ဆေးရန်လိုအပ်သည်။ အချို့သောက်ရေတွင်းများမှာ မိုးနှင့် ဆောင်းသာ ရေလုံလောက်မှုရှိပြီး နွေရာသီတွင် လုံလောက်မှုမရှိပါ။ ထို့ကြောင့် ရေတွင်းအသစ် တူးဖော်ခြင်းနှင့် ရေတွင်းဟောင်းပြုပြင်ခြင်းပြုလုပ်ရန်လိုအပ်သည်။

ကျေးရွာတွင် မူလတန်းကျောင်းအဆင့်ထိရှိပြီး ကျောင်းသားဦးရေမှာ ၁၇၁ ဦးရှိသည်။ ကျောင်းဆောင်၏အကျယ်အဝန်းမှာ ၃၆၀၀ စတုရန်းပေ ရှိသောကြောင့် စာသင်ကျောင်းဆောင် အကျယ်အဝန်းလုံ လောက်မှုရှိသော်လည်း ကျောင်းသုံးပရိဘောဂများလုံလောက်မှုမရှိပါ။

ရေ ပြွန်ကိုးခုသာရှိပြီး (အလျား ၂၀'၊ အနံ ၃'နှင့် အမြင့် ၄'၅") ရှိပြီး အသင့်အတင့်ကောင်းမွန်သေးသော် လည်းမိုးများသောအခါ မြေနိမ့်ပိုင်းများတွင် ရေများဝပ်နေတတ်ပါသည်။ ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး အရေးပေါ်ကိစ္စဖြစ်ပါက ကျေးရွာတွင် အရံသားဖွားတက်ရောက်ပြီး(၁)ဦးရှိပြီး ကျန်းမာရေးဝန်ဆောင်မှုကောင်းမွန်သည်။ တိုက်နယ်ဆေးရုံမရှိ၊ မြို့နယ်ဆေးရုံမှာ မြစ်ကြီးနား မြို့တွင် တည်ရှိပြီး ၉ မိုင်ကျော် ကွာဝေးသည်။ လမ်းကောင်းသော်လည်း အရေးပေါ်သွားလာရန် ယာဉ်မရှိသောကြောင့် အရေးပေါ်ကိစ္စများအတွက် များစွာ အခက်အခဲ ရှိသည်။ ထို့ကြောင့် အရေးပေါ်ယာဉ် လိုအပ်သည်။

ကျေးရွာတွင် ၁၈၀ အိမ်ရှိသည့်အနက် ရေဆွဲအိမ်သာသုံးစွဲသူ ၇ အိမ်၊ ရေလောင်း/ယင်လုံအိမ်သာ သုံးစွဲသူ ၆၉ အိမ်၊ တွင်းအိမ်သာသုံးစွဲသူ ၉၃ အိမ်ရှိသဖြင့် ကျေးရွာအနေဖြင့် ယင်လုံအိမ်သာ သုံးစွဲနိုင်မှု ၄၂.၂၂% သာသုံးစွဲနိုင်သေးသည်ကို ကြည့်ခြင်းအားဖြင့် ယင်လုံအိမ်သာ သုံးစွဲနိုင်မှုအားနည်း နေသည်ကို တွေ့ရနိုင်သည်။ ဆင်းရဲသားနှင့် ဆင်းရဲဆုံးအိမ်ထောင်စုများအတွက် ယင်လုံအိမ်သာပံ့ပိုး ပေးရန်လိုအပ်သည်။

ကျေးရွာတွင်းလမ်းများမှာ ကျောက်ခင်းလမ်းများဖြစ်ပြီး အသင့်အတင့်ကောင်းမွန်သည်။ ရွာချင်းဆက်လမ်းမှာ ကတ္တရာလမ်း၊ သက်တမ်းမှာ ၅ နှစ်အထက်ကြာမြင့်ပြီးဖြစ်ပြီး ၁-၅ မိုင်ခန့် ရှည်လျား ကာ အသင့်အတင့်ကောင်းမွန်သည်။

ကျေးရွာတွင် ၂၀၁၄ခုနှစ်မှစတင်ကာ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲသူ အိမ်ထောင်စု ၁၄၅အိမ်၊ ဆိုလာစနစ်သုံးစွဲသူ ၂၄ အိမ်ထောင်စု၊ ဒီဇယ် အင်ဂျင်သုံးစွဲသူ ၁၄ အိမ်နှင့် လေစွမ်းအင်သုံး အိမ်ထောင်စု ၂ အိမ်ရှိကာ လျှပ်စစ်မီးမသုံးစွဲနိုင်သော အိမ် ၂ အိမ်ရှိသည်။

လျှပ်စစ်မီးသုံးစွဲရာတွင် မီးခဏခဏပျက်လေ့ရှိပြီး မီတာခမှာလည်း တစ်ယူနစ် ၁၁၀ ကျပ်ဖြစ်သောကြောင့် မီတာခများသည်။

ဆိုလာစနစ်သုံးစွဲသူ ၁၄ အိမ်ထောင်စုရှိပြီး ရာသီဥတုမကောင်းပါက အားမပြည့်ပါ။ စာကြည့်မီးအတွက်သာသုံးရပြီး ကျန်အိမ်သုံးလျှပ်စစ်ပစ္စည်းများအသုံးပြုမရနိုင်သောကြောင့် အခက်အခဲများ ရှိသည်။

ဒီဇယ်အင်ဂျင်အသုံးပြုရာတွင်လည်း ဆီဖိုးနှင့် ပြုပြင်ထိန်းသိမ်းစရိတ် ကုန်ကျမှုများသည်။ လျှပ်စစ်မီးမသုံးစွဲနိုင်သော ကျန်အိမ်ထောင်စု ၂ အိမ်မှာ ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်များ အသုံးပြုရ

သောကြောင့် စာကြည့်မီးအလင်းရောင်သာရရှိပြီး အလင်းရောင်လုံလောက်မှုမရှိ၊ မီးဘေးအန္တရာယ် ရှိသည်။

ကျေးရွာ နံနက်ဈေးရှိပြီး ခြေလျင်ဖြင့် သွားလာနိုင်သည်။ ကျေးရွာနံနက် ဈေးတွင် စားသောက်ကုန် ကုန်စိမ်း၊ ကုန်ခြောက်သာ ဝယ်ယူရရှိနိုင်သည်။ ဈေးအဆောက်အဦးမှာ ညံ့သည်။ နံနက်အချိန်တွင်သာ ဈေးရှိခြင်း၊ ကုန်မျိုးစုံ ဝယ်ယူရရှိနိုင်ခြင်းမရှိဘဲ စားကုန်ကုန်စိမ်း၊ ကုန်ခြောက်သာ ရရှိနိုင်သောကြောင့် ဈေးဝန်ဆောင်မှုညံ့သည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

မော်ဖောင်းကျေးရွာတွင် သမဝါယမချေးငွေရှိသည်။ (၆)လ တစ်ကြိမ် အတိုး အရင်းဆပ်ရပြီး အတိုးနှုန်းမှာ (၁.၅) ရာခိုင်နှုန်းပေးရသည်။ ကျေးရွာတွင် (၃)နှစ်အထက်နေထိုင်သူများကိုသာ ချေးသည်။ ချေးငွေလုံလောက်မှုမရှိပါ။

မြစိမ်းရောင်ချေးငွေမှာ(၁.၅)ရာခိုင်နှုန်းသာဖြစ်သောကြောင့် အတိုးနှုန်းသက်သာသည်။ စိုက်ပျိုးရေး ၊မွေးမြူရေး၊ အရောင်းအဝယ်အသက်မွေးဝမ်းကျောင်းပြုသူများကိုသာ ငွေချေးသည်။ ချေးငွေကာလတစ်နှစ်သတ်မှတ်ပြီး အများဆုံးသိန်း(၃၀)မှ အနည်းဆုံး (၁)သိန်းချေးကာ အပေါင်ခံပစ္စည်းမလိုအပ်ပါ။ ကာလတို ချေးငွေ ဖြစ်ပြီး အိမ်ခြေ (၁၀၈)အိမ်သာ ချေးနိုင်သောကြောင့် ချေးငွေ လုံလောက်မှုမရှိသေးပါ။

ပုဂ္ဂလိက အသေးစားချေးငွေဝန်ဆောင်မှုများသည် ၃လမှ ၆လအတွင်းသာချေးသော ကာလတိုချေးငွေများဖြစ်သည်။ အတိုးအနေဖြင့် (၂၀) ရာခိုင်နှုန်းအထိပေးရသည်။ အပေါင်ခံပစ္စည်းထားရှိရန်လိုအပ် သည်။

တစ်ချို့ မိတ်ဆွေနှင့် ဆွေမျိုးများကလည်း လိုအပ်လျှင်ချေးပေးကြသည်။ အတိုးနှုန်းမှာ ၁၀ ရာခိုင်နှုန်းအထိရှိသည်။ အပေါင်ပစ္စည်းလိုအပ်သည်။

ကာလတိုချေးငွေများသာရှိသောကြောင့် တောင်သူများနှင့် သင့်လျော်သော အတိုးနှုန်းသက်သာသည့် နှစ်ရှည်ချေးငွေပံ့ပိုးပေး ရန် တင်ပြကြသည်။

## (င) ပညာရေး

ကျေးရွာတွင် ၅ နှစ်အထက်လူဦးရေ (၁၀၆၀) ရှိသည့်အနက် စာမတတ်သူ ၁၃၃ ဦး (ကျား ၄၄ + မ ၈၉)၊ မူလတန်းအဆင့် အတန်းပညာပြီးမြောက်သူ ၂၇၂(ကျား ၁၃၇၊ မ ၁၃၅) ဦး၊ အလယ်တန်းအဆင့် အတန်းပညာပြီးမြောက်သူ ၃၄၇ဦး (ကျား ၁၈၃၊ မ ၁၆၄) ဦး၊ အထက်တန်းအဆင့် အတန်းပညာ ပြီးမြောက်သူ ၂၂၃ ဦး (ကျား၁၁၁၊ မ ၁၁၂) ဦး၊ တက္ကသိုလ်၊ကောလိပ်အဆင့် အတန်းပညာပြီး မြောက်သူ (၅၀) (ကျား ၁၈၊ မ ၃၂) ဦးရှိသဖြင့် ကျေးရွာ၏ စာတတ်မြောက်မှု အခြေအနေ အသင့်တင့် ကောင်းမွန်သည်ကိုတွေ့ရှိရပြီး အမျိုးသမီးများသည် အမျိုးသားများထက် ပညာတတ် မြောက်သူဦးရေပိုများသည်ကို တွေ့ရသည်။

ကျေးရွာတွင် မူလတန်းကျောင်းအဆင့်ထိရှိပြီး ကျောင်းသားဦးရေမှာ ၁၇၁ ဦးရှိသည်။ ကျောင်းဆောင်အကျယ်အဝန်းမှာ ၃၆၀၀ စတုရန်းပေ ရှိသည်။ ဆရာ/ဆရာမ ဦးရေ ၇ယောက်ရှိသဖြင့် လုံလောက်မှုရှိသည်။ ကျောင်းအိမ်သာ အခြေအနေအသင့်အတင့် ကောင်းမွန်သော်လည်း လုံလောက် မှုမ

ရှိပါ။ ကျောင်းသုံးပရိဘောဂများမှာ လုံလောက်မှုမရှိပါ။ ကျောင်းအဟာရ တိုက်ကျွေးမှုအစီအစဉ် များ လည်းရှိသည်။တပည့်ဆရာအချိုးမှာ ၄၀း ၁ အောက်ရှိသောကြောင့် ဆရာ/ဆရာမ လုံလောက်မှု ရှိသည်။ မသန်စွမ်းသူများအတွက် ပညာရေးအထူး အစီအစဉ်မရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကရိယာ လုံ လောက်မှုရှိသည်။ ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှုမှာ အသင့်အတင့်ရှိ သည်။ ကျောင်းတွင် အားကစားကွင်းရှိသော်လည်း အားကစားပစ္စည်း လုံလောက်မှုမရှိပါ။ မိဘဆရာအ သင်း၏ အခန်းကဏ္ဍ ကောင်းမွန်သည်။

**(စ) ကျန်းမာရေး**

အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါးမှု နိမ့်သည်။ ဆင်းရဲသားများမှာ ခြင်ထောင်မသုံးစွဲနိုင်ခြင်း၊ ရေဝပ်ခြင်းနှင့် ခြုံပုတ်များရှိပြီး ခြင်ပေါသဖြင့် သွေးလွန် တုတ်ကွေး နှင့်ငှက် ဖျား ဖြစ်ပွါးမှု မြင့်သည်။ အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါနှင့် လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါ၊ တီဘီရောဂါနှင့် အဟာရချို့တဲ့မှုရောဂါများ ဖြစ်ပွါးမှု မြင့်သည်။ ဟင်းချိုမှုန့် အလွန်အကျွံ သုံး ခြင်း၊ ဓါတုဆေးဝါးပါသော အသားငါး၊ ဟင်းသီး/ ရွက်နှင့် အသီးများ၊ အရောင်ချွတ်ဆေးပါသော အစား အစာများကို နေ့စဉ် မလွဲမရှောင်သာ စားသောက်နေရခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်သည့် အ လေ့အထမရှိခြင်းတို့ကြောင့် ဆီးချို၊ သွေးတိုးရောဂါမှာ အဆိုးဆုံးဖြစ်ပွါးပြီး ကျန်းမာရေးဆေး ကုသ စရိတ် ကုန်ကျမှုများကြသည်။ အသည်းရောင် ရောဂါ(ဘီ၊စီ)မှာလည်း အသက်ရှုလမ်းကြောင်း မှတဆင့် ကူးစက်ခြင်းနှင့် လူအသုံးအဆောင်များကို ရောဂါရှိသူများနှင့် အတူသုံးစွဲရာမှတဆင့် အလွယ်တကူ ကူး စက်နိုင်သောကြောင့် အသည်းရောင်ရောဂါ (ဘီ၊စီ) အဖြစ်များသည်။ ကျေးရွာတွင် အခြားကူး စက် နိုင်သော ရောဂါများမရှိပါ။ ကျန်းမာရေးဗဟုသုတလည်း အားနည်းသည်။ ထို့ကြောင့် ကျေးရွာကျန်း မာရေးအနေဖြင့် ကျန်းမာရေးပညာပေးသင်တန်း၊ ကျန်းမာရေးလေ့ကျင့်ခန်းသုံးကရိယာများ လိုအပ် လျက်ရှိပြီး စားသုံးသူရပိုင်ခွင့် ဥပဒေပြဌာန်းပေးရန်လိုအပ် ပါသည်။

ကျေးရွာအတွင်းကျေးလက်ဆေးခန်းရှိသောကြောင့်အရေးပေါ်ကိစ္စဖြစ်ပါကကျေးလက်ဆေးခန်း သို့သွားရောက်နိုင်သည်။ အဆောက်အဦမှာ အုတ်တကက်၊သံမံတလင်းခင်းဖြစ်ပြီး အဆောက်အဦ ကောင်း မွန်သည်။ တိုက်နယ်ဆေးရုံမရှိ၊ မြို့နယ်ဆေးရုံမှာ မြစ်ကြီးနားမြို့တွင် တည်ရှိပြီး ၉ မိုင် ကျော် ကွာဝေးသည်။ လမ်းကောင်းသော်လည်း အရေးပေါ်သွားလာရန် ယာဉ်မရှိသောကြောင့် အရေးပေါ် ကိစ္စများ အတွက်များစွာအခက်အခဲရှိသည်။ ထို့ကြောင့် အရေးပေါ်ယာဉ်လိုအပ်သည်။ ကျေးရွာ အတွင်း ဆေးဆိုင်များရှိသော်လည်း စနစ်တကျသိုလှောင်ထားခြင်းမရှိပါ။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီဩဇာ အခြေအနေမှာ အန္တရာယ်ကျရောက်မှုနိမ့်သည်။ လူအသုံးဝင်သော အပင်မျိုးစိတ်များ (ဝါး၊ သစ်၊ ဆေးဖက်ဝင် အပင် များ၊ သစ်ခွများ စသည်) မှာလည်း စည်းကမ်းမဲ့ထုတ်ယူသုံးစွဲခြင်းနှင့် ထိန်းသိမ်းမှုအားနည်းခြင်း တို့ကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ထို့ကြောင့် ဘယဆေးစိုက်ခင်း၊ လူထုထင်း စိုက်ခင်း၊ ပုဂ္ဂလိကကျွန်းစိုက်ခင်းများပြုလုပ်ရန်လိုအပ်သည်။ ရာသီဥတုဖောက်ပြန်ခြင်းနှင့် ဓါတု ဆေးဝါးများကို စနစ်တကျသုံးစွဲခြင်းမရှိသောကြောင့် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှု တွင်လည်း အန္တရာယ်ရှိမှု

မြင့်သည်။ ရေအရင်းအမြစ်ထိခိုက်လွယ်မှု အဆင့်မှာနိမ့်သည်။ ဘက်ထရီဖြင့် ရှော့တိုက် ခြင်း၊ ပိုးသတ်ဆေးဘူးခွံများကို လယ်များ၊ ချောင်းများတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ငါးမျိုးကွဲ များ ပြုန်းတီးလာကြပြီး အန္တရာယ်ရှိမှု မြင့်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အကြောင်း ဟောပြော ပွဲများ ပြုလုပ်ပေးရန်လိုအပ်သည်။ အခြားတောရိုင်းတိရိစ္ဆာန်များမှာလည်း စည်းကမ်းမဲ့ မုဆိုးလိုက်ခြင်း နှင့် ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ဂျီ၊ တောဝက်၊ ဒရယ်အနည်းငယ်သာ ရှိပြီး ရှားပါးလာသည်။

**(ဈ) ကျား – မ ရေးရာ**

ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်မှုခေါင်းဆောင်မှု ကောင်း သည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြသော်လည်း လွန်ခဲ့သောနှစ် အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများနှင့် လွန်ခဲ့သောနှစ် အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေး များ /အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိကြသော်လည်း အိမ်တွင်းအကြမ်းဖက်မှု (အရက်မူးလာပါက ဇနီးနှင့် သားသမီး များကို ရိုက်နှက်ခြင်း၊ ဆဲဆိုခြင်း၊ အနိုင်ကျင့်ခြင်းများရှိသည်။ ထို့ကြောင့် အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ၊ အိမ်တွင်းအကြမ်းဖက်မှု ကာကွယ် တားဆီးရေးသင်တန်းနှင် ဥပဒေများကို အမြင့်ဖွင့် သင်ကြားခြင်းများ လိုအပ်သည်။

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေး၊ သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆောက်လုပ်ရေးလက်သမား၊ ပန်းရံ လုပ်ငန်းများ၊ ယာဉ်စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေးလုပ်ငန်းနှင့် လက်လီလက်ကားရောင်း ဝယ်ရေး လုပ်ငန်းများရှိသည်။ ၄င်းလုပ်ငန်းများအနက် လက်လီ – လက်ကားရောင်းဝယ်ရေးလုပ်ငန်း တွင်သာ အမျိုးသား နှင့်အမျိုးသမီးလုပ်အားခ တန်းတူရကြပြီး ကျန်သောလုပ်ငန်းများတွင် အမျိုးသား နှင့် အမျိုးသမီး လုပ်အားခတန်းတူမရကြပါ။ ၄င်းလုပ်ငန်းများအနက် ဆောက်လုပ်ရေးလုပ်ငန်းသည် လုပ်အားခဝင်ငွေ အများဆုံးဖြစ်ပြီး အမျိုးသား တစ်ရက်လုပ်အားခ ၁၂၀၀၀ ကျပ်အထိနှင့် အမျိုးသမီး များ တစ်ရက်လုပ်အားခ ၈၀၀၀ ကျပ်အထိရကြသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခ သိသာစွာ ခွဲခြားကြောင်းတွေ့မြင်ရသည်။

## ၄။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာနှင့်အနီးတဝိုက် သဲ၊ကျောက်များထွက်ရှိသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောအရွယ် ၇၇၈ ဦး (၆၇.၈%) ရှိသဖြင့် လူသားအရင်းအမြစ် ကောင်းမွန်ပြီး ၄င်းလူရွယ်များကို အသက်မွေးဝမ်း နည်းပညာများသင်ကြားပေးခြင်းဖြင့်လူသားအရင်းအမြစ်စွမ်းရည်ကိုတည်ဆောက်ပေးနိုင်ပါကကျေးရွာ ဖွံ့ဖြိုးရေးအတွက်များစွာ အလားအလာကောင်းပါသည်။ ကျေးရွာလူထု၏ကျန်းမာရေး အခြေအနေမှာ

ယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက်လည်း သင့်တော်သော ရေ၊ မြေ၊ ရာသီဥတုရှိသည်။

စိုက်ပျိုး၊ မွေးမြူရေးမှ ထွက်သော ထုတ်လုပ်ကုန်များအတွက်လည်း မြစ်ကြီးနားမြို့နှင့် နီးပြီး ဈေးကွက် အလုံအလောက်ရှိသည်။ သွင်းအားစုများကိုလည်း အလွယ်တကူ၊ လိုသလောက် ဝယ်ယူရရှိနိုင်သည်။ မွေးမြူရေးအတွက်လည်း စားကျက်မြေသီးသန့်မရှိ မိမိအိမ်ဝိုင်းတွင်သာ တစ်နိုင်မွေးမြူကြသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး တနှစ်ပါတ်လုံး၊ အချိန်မရွေး၊ ယာဉ်မျိုးစုံ သွားလာနိုင်သည်။ တယ်လီဖုန်းဆက်သွယ်ရေးအနေဖြင့်လည်း အမ်ပီတီ၊ အော်ရီဒူး၊ အမ်အီး စီနှင့် တယ်လီနော ၄ မျိုးစလုံး ဆက်သွယ်နိုင်ပြီး ဈေးကွက်နှင့် သတင်းအချက်အလက်များ အချိန်နှင့် တပြေးညီ ရယူနိုင်သည်။ကျေးရွာတွင်လျှပ်စစ်မီးရရှိပြီးဖြစ်သောကြောင့် အသေးစားဝင်ငွေတိုးလုပ်ငန်း များ လုပ်ကိုင်ရန် အခွင့်အလမ်းကောင်းမွန်သည်။

လုံခြုံရေးအရလည်း နယ်မြေဒေသ အေးချမ်းသာယာသဖြင့် လွတ်လပ်စွာ၊ လုံ ခြုံစွာ သွားလာနိုင်သည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို လုံခြုံချောမွေ့စေသည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ စိုက်ပျိုးမြေများမှာ မြေဆီသြဇာ ညံ့သည်။ စိုက်ပျိုးမြေ တိုးချဲ့ရန် နေရာမရှိ။ လယ်ယာသုံးစက်ကရိယာ လုံလောက်မှုမရှိ။ စိုက်ပျိုးစရိတ်နှင့် သွင်းအားစုစရိတ် ကုန်ကျမှုမြင့်သည်။ စိုက်ပျိုးရေအတွက် ဆည်မြောင်းများမရှိ၊ သွင်းရေမရရှိကြပါ။ မြစ်ရေတင်နိုင်သော အခြေအနေရှိသော်လည်း အရင်းအနှီးမရှိ။ မျိုးကောင်းမျိုးသန့်မရှိ။ သွင်းအားစုနှင့် ကုန်ကျစရိတ်မြင့်မားသောကြောင့် အကျိုးအမြတ်နည်း သည်။ အတိုးနှုန်းသက်သာပြီး နှစ်ရှည်သင့်တော်သော စိုက်ပျိုးရေးချေးငွေ မရရှိ။ လက်ရှိစိုက်ဘဏ် ငွေချေးစနစ်မှာ တောင်သူများအတွက် ထိရောက်မှုနည်းသည်။ စိုက်ပျိုးထုတ်လုပ် ရောင်းချသော သီးနှံများ ဈေးနှုန်းတည်ငြိမ်မှုမရှိ၊ ကုန်သည်ပွဲစားများ၏ ခေါင်းပုံဖြတ်ခံကြရသည်။ ဈေးကွက် သို့ သွားရောက် ရောင်းချရန် ပုံမှန်ပြေးဆွဲသည့် အများပြည်သူသုံး ဘတ်စ်ကားလိုင်းများမရှိ။ သီးခြား ယာဉ်စင်းလုံးငှါးရမ်း သယ်ယူပို့ဆောင်ရသောကြောင့် ကုန်ကျမှုစရိတ်များသည်။ ပွဲရုံများသို့ သွားရောက် ရောင်းချရာတွင်လည်း အလေးတင်းတောင်းမှန်ကန်မှုမရှိ။ ရွေးချယ်ရန် နည်းလမ်းနှင့် နေရာမရှိသောကြောင့် မဖြစ်မနေရောင်းချကြရသည်။ အစိုးရအနေဖြင့်လည်း အရေးယူကြီးကြပ် ဆောင်ရွက်ပေးခြင်းမရှိ။

မွေးမြူရေးတွင် ရာသီအလိုက်ရောဂါများ ကျရောက်မှုရှိသဖြင့် မွေးမြူသူများ အနေဖြင့် ဆုံးရှုံးမှုရှိသည်။ ၄င်းအတွက် ထိရောက်သော ကာကွယ်ဆေးထိုးခြင်း၊ နည်းပညာဝန်ဆောင်မှု များလည်း မရကြပါ။ ကျေးရွာတွင်လည်း နည်းပညာကျွမ်းကျင်သူတစ်ဦးသာရှိသည်။ မွေးမြူရေးကုသ စရိတ်မြင့်မားသည်။ အရင်းအနှီးများပြီး မွေးမြူရေးချေးငွေလည်း မရကြပါ။ မိမိအိမ်မွေးတိရစ္ဆာန်များ ၏ အသားကိုလည်း လွတ်လပ်စွာ ရောင်းချခွင့်မရှိ။ သားသတ်လိုင်စင်ရှိသူကိုသာ ရောင်းချရသောအခါ မတရား

ခေါင်းပုံဖြတ်ခံကြရသည်။ သားသတ်လိုင်စင်ချထားရာတွင်လည်း ပွင့်လင်းမြင်သာမှုမရှိ။ အရှင်လိုက် သယ်ယူရောင်းချခွင့်ကိုလည်း ကန့်သတ်မှုများ၊ ဖမ်းဆီးမှုများရှိသည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းလည်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်။ အခြားအသက်မွေးဝမ်းလုပ်ငန်းများတွင်လည်း ကျွမ်းကျင်မှုအားနည်းသည်။ အရင်းအနှီးလည်း နည်းသည့်အပြင် အသေးစားလုပ်ငန်းများအတွက် ချေးငွေစနစ် လည်းမရှိပါ။

## ၅။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(၁) နောင် ၅ နှစ်ကြာသောအခါ ၂၀၂၂ ခုနှစ်ကုန်တွင် ကျေးရွာရှိ ဆင်းရဲသော အိမ်ထောင်စု (၁၈၀) သည် ဝမ်းစာဖူလုံပြီး မိသားစုဝင်ငွေ ၂၅% တိုးတက်ပြီးဖြစ်ရမည်။

(၂) နောင် ၅ နှစ်ကြာသောအခါ ၂၀၂၂ ခုနှစ်ကုန်တွင် ကျေးရွာအတွက် အခြေခံ လူမှုအဆောက်အဦ များ ပြည့်စုံပြီး လူနေမှုအဆင့်အတန်း မြင့်မားနေပြီ ဖြစ်ရမည်။

(၃) နောင် ၅ နှစ်ကြာသောအခါ ၂၀၂၂ ခုနှစ်ကုန်တွင် ကျေးရွာကို ကောင်းစွာ ဦးဆောင်နိုင်သော စီမံ အုပ်ချုပ်မှု စွမ်းဆောင်ရည်ကောင်းသော လူမှု အဖွဲ့အစည်း အနည်းဆုံးတစ်ဖွဲ့မှ ဦးဆောင်နေနိုင်သည့်အပြင် ကျွမ်းကျင်သူ အနည်းဆုံး (၁၀) ဦးလည်း မွေးထုတ်ပြီး ဖြစ်ရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေး လုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာ သင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကတဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။ စိုက်ပျိုးရေးတွင် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်းနှင့် လယ်ယာသုံးစက်ကရိယာများကို အရစ်ကျ ရောင်းချပေးခြင်းဖြင့် သီးနှံအထွက်တိုးအောင် ဆောင်ရွက်မည်။

ခ.၂) ကျေးရွာတွင် စာသင်ကျောင်း၏ကျောင်းသုံးအိမ်သာဆောက်လုပ်ခြင်း၊ကျောင်းသုံးပရိဘောဂ၊ ကျောင်းစာကြည့်တိုက်၊ အားကစားပစ္စည်း၊ ဆင်းရဲသားပညာရေးရံပုံငွေထူထောင်ခြင်း၊ ကလေးကစားကွင်းတည်ဆောက်ပေးခြင်းတို့ဖြင့် ကလေးငယ်များ၏အရည်အချင်းတိုးမြင့်လာရေးအတွက်ဆောင်ရွက်မည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး အလယ်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက် ကျွမ်းကျင် မှုပြည့်ဝသော ဆရာ/မ ခန့်ထား ရရှိနိုင်ရေး တို့အတွက် ဆောင်ရွက်သွားမည်။

ကျန်းမာရေးအတွက် ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ဆေးစိမ်ခြင်ထောင်/ငှက်ဖျားဆေး/ ကွန်ဒုံး/စသည်များ ထောက်ပံ့ပေးခြင်း၊ အရံသားဖွားသင်တန်း၊ တိုင်းရင်းဆေးသင်တန်း၊ ရှေးဦးသူနာပြုစုခြင်းသင်တန်းနှင့်အရေးပေါ်လူနာတင်ယာဉ်များ ပံ့ပိုးပေးခြင်းဖြင့် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်။

ကျေးရွာတွင် ကျေးရွာတွင်းလမ်းပြုပြင်ခြင်း/အဆင့်မြှင့်တင်ခြင်း၊ ဆင်းရဲသားမိသားစုအိမ်များလျှပ်စစ်မီးတိုးချဲ့ မီးလင်းရေးနှင့် ကျေးရွာ၏အခြေခံ အဆောက်အဦများ တိုးတက်ကောင်းမွန်ရေး အတွက် ဆောင်ရွက်သွားမည်။တချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင် ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း၊ အဖွဲ့အစည်းချိတ်ဆက်မှုသင်တန်း၊ မှတ်တမ်းနှင့် စာရင်းရေးသွင်းနည်းသင်တန်း၊ လေ့လာရေးခရီး စသည်တို့ကို တိုက်တွန်းအား ပေးဆောင်ရွက်မည်။

ခ.၃) ကျွန်ုပ်တို့သည် ဝါရိန်ဆော်သင်တန်း၊ သံပန်းလုပ်ငန်း၊ စက်ချုပ်သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင် ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

ခ.၄) အမျိုးသမီးကာကွယ်စောင့်ရှောက်ရေးသင်တန်း၊ အိမ်တွင်းအကြမ်းဖက်မှု ကာကွယ်နှိမ်နှင်ရေးဥပဒေတို့ကို သင်တန်းပေးခြင်း၊ ကျေးရွာဦးဆောင်အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင်လည်း အမျိုးသမီးနှင့် လူငယ်များကို အချိုးကျပါဝင်ဖွဲ့စည်းခြင်း၊ မျှတစွာ တာဝန်ခွဲဝေပေးခြင်းဖြင့်လည်း အမျိုးသမီးများဖွံ့ဖြိုးရေးနှင့် လုံခြုံရေးအတွက်လည်း တိုးတက်ကောင်းမွန်လာအောင်ဆောင်ရွက်ပေးမည်။

ခ.၅) လူငယ်များအတွက်လည်း နှစ်စဉ်စာပေဟောပြောပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ ခေတ်မီစာကြည့်တိုက်ထူထောင်ခြင်း၊ အားကစားပစ္စည်းများပံ့ပိုးပေးခြင်း၊ နှစ်စဉ်အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ အသက်မွေးပညာများသင်ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ မူးယစ်ဆေးကာကွယ်နှိမ်နှင်းနည်းသင်တန်း၊ လူကုန်ကူးကာကွယ်တားဆီးရေးသင်တန်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းသင်တန်းများကို သက်ဆိုင်ရာဌာနများ ကျွမ်းကျင်သူများနှင့်ချိတ်ဆက် သင်ပေးခြင်းဖြင့်လူငယ်များဖွံ့ဖြိုးရေးကိုဆောင်ရွက်ပေးမည်။

ခ.၆) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် မူဝါဒပိုင်းအရ အားနည်းမှုအချို့ကို ကျေးရွာလူထု၏ လိုအပ်ချက်ကို ထင်ဟပ်စေသောဥပဒေများ/ မူဝါဒများ ချမှတ်ဆောင်ရွက်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်မှတဆင့်တင်ပြသွားမည်ဖြစ်သည်။

## ၆။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ်သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေး လုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များဖြစ်သည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည်နှစ်နှစ်၊ သုံးနှစ်သာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထိုကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်သွားကြပါမည်။

### (ခ)ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍ ကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သတ်မှတ်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသတ်မှတ်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်း ကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင် သာမန် အသုံးစရိတ် ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်၊ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ)ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | အဖွဲ့အစည်းဆိုင်ရာစီမံမှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။စာရင်းနှင့်မှတ်တမ်းရေးသွင်းနည်းသင်တန်း<br>၂။အဖွဲ့အစည်းများတွင်အမျိုးသမီးနှင့်လူငယ်များအချိုးကျပါဝင်ဖွဲ့စည်းခြင်း<br>၃။အဖွဲ့အစည်းအချင်းချင်းချိတ်ဆက်မှုသင်တန်း<br>၄။လေ့လာရေးခရီး | ၁၇ |
| ၂ | ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း/တိုးချဲ့ခြင်း<br>၂။ကျောင်းသုံးပရိဘောဂပံ့ပိုးခြင်း<br>၃။ကျောင်းယင်လုံအိမ်သာဆောက်လုပ်ပေးခြင်း<br>၄။ကျောင်းခြံစည်းရိုးကာရံခြင်း<br>၅။ကျောင်းစာကြည့်တိုက်ထူထောင်ခြင်း<br>၆။ကျောင်းအားကစားပစ္စည်းထောက်ပံ့ပေးခြင်း<br>၇။ဆင်းရဲသားပညာရေးရန်ပုံငွေထူထောင်ခြင်း<br>၈။ဝန်ထမ်းတိုးမြှင့်ခန့်ထားပေးခြင်း<br>၉။ဆရာဖြစ်သင်တန်း<br>၁၀။ကစားကွင်းဆောင်ရွက်ပေးခြင်း | ၃ |
| ၃ | ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။သားဖွားဆရာမတိုးမြှင့်ခန့်ထားပေးရန်<br>၂။ကျေးလက်ဆေးခန်းဌာနခွဲချထားပေးရန်<br>၃။အရေးပေါ်လူနာတင်ယာဉ်<br>၄။ကျန်းမာရေးအသိပညာပေးဟောပြောပွဲ<br>၅။အာဟာရပညာပေးအစီအစဉ်သင်တန်းပေးခြင်း<br>၆။တိုင်းရင်းဆေးသင်တန်း<br>၇။ကျန်းမာရေးလေ့ကျင့်ခန်းသုံးပစ္စည်း<br>၈။ဆေးစိမ်ခြင်ထောင်ထောက်ပံ့ပေးခြင်း<br>၉။ငှက်ဖျားဆေးထောက်ပံ့ပေးခြင်းနှင့်ခြင်ဆေးဖြန်းခြင်း<br>၁၀။တီဘီဆေးထောက်ပံ့ခြင်း | ၆ |

| | | | |
|---|---|---|---|
| | | ၁၁။ကွန်ဒုံးဖြန့်ဖြူးပေးခြင်း | |
| ၄ | သောက်သုံးရေနှင့်သန့်ရှင်းမှုဖွံ့ဖြိုးရေးစီးမံကိန်း | ၁။သောက်ရေအရည်အသွေးစစ်ဆေးခြင်း<br>၂။ရေတွင်းဟောင်းပြုပြင်ခြင်း/အသစ်တူးဖော်ခြင်း<br>၃။ဆင်းရဲသားများယင်လုံအိမ်သာဆောက်လုပ်သုံးစွဲစေခြင်း | ၁၆ |
| ၅ | လမ်းတံတားနှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း | ၁။ရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း<br>၂။ရေပြွန်တပ်ဆင်ခြင်း/ရေနုပ်မြောင်းတူးဖော်ခြင်း<br>၃။ကြိုးတံတားအားကွန်ကရစ်တံတားအဆင့်မြှင့်တင်ခြင်း<br>၄။ကျေးရွာဈေးအဆင့်မြှင့်တင်ခြင်း<br>၅။ကျေးရွာအစည်းအဝေးခန်းမပြင်ဆင်ခြင်းနှင့်ယင်လုံအိမ်သာဆောက်လုပ်ခြင်း၊ | ၁ |
| ၆ | စိုက်ပျိုးရေး(သီးနှံထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း) | ၁။နှစ်ရှည်ပင်စိုက်ပျိုးခြင်း(လိုင်ချီး၊ကြက်မောက်၊သရက်၊ကျွဲကော၊နာနတ်<br>၂။သီးနှံနှင့်စိုက်ပင်များမျိုးကောင်းမျိုးသန့်ရရှိရေး | ၁၅ |
| ၇ | စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။ကိုင်းကူးကိုင်းဆက်သင်တန်း<br>၂။သဘာဝမြေဆွေးပြုလုပ်နည်းသင်တန်း<br>၃။မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းသင်တန်း | ၉ |
| ၈ | မွေးမြူရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။စားကျက်မြေတိုးချဲ့ထွင်ခြင်း<br>၂။အာဟာရပြည့်မြက်စိုက်ပျိုးခြင်း<br>၃။ကာကွယ်ဆေးထိုးခြင်း | ၁၄ |
| ၉ | မွေးမြူရေးနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။တိမွေးကုမွမ်းမံသင်တန်း | ၁၂ |
| ၁၀ | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။အတိုးနှုန်းသက်သာသောနှစ်ရှည်ချေးငွေချထားပေးရန် | ၁၁ |
| ၁၁ | အသက်မွေးဝမ်းလုပ်ငန်းဖွံ့ဖြိုးမှုစီမံကိန်း | ၁။တစ်ရှူးလုပ်ငန်းစက်ကရိယာအဆင့်မြှင့်တင်ခြင်း<br>၂။ဖိနပ်/စက်ဘီး/မီးသီး/ပလာယာစက်ရုံထူထောင်ခြင်း<br>၃။ခေတ်မီစက်ကရိယာပံ့ပိုးခြင်း(လက်သမား/ပန်းရံ/စက်ချုပ်/ဆံပင်ညှပ်/အလှပြင်) | ၁၀ |

| | | | |
|---|---|---|---|
| ၁၂ | အသက်မွေးဝမ်းနည်းပညာ ဖွံ့ဖြိုးမှုစီမံကိန်း | ၁။ဝါယာရိန်း/စက်ပြင်မွမ်းမံသင်တန်း<br>၂။မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း<br>၃။ရေခဲမုန့်ပြုလုပ်နည်းသင်တန်း<br>၄။ဒိန်ချဉ်ပြုလုပ်နည်းသင်တန်း<br>၅။ဝါရိန်ဆော်သင်တန်း<br>၆။သံပန်းပြုလုပ်နည်းသင်တန်း<br>၇။သံဇကာပြုလုပ်နည်းသင်တန်း<br>၈။စက်ယက္ကန်းသင်တန်း<br>၉။ရိုးရာဂျုတ်ခုတ်သင်တန်း<br>၁၀။သစ်သီးယို/ဝိုင်ပြုလုပ်နည်းသင်တန်း<br>၁၁။စက်ချုပ်သင်တန်း<br>၁၂။ပန်းအလှပြင်သင်တန်း<br>၁၃။ဆပ်ပြာပြုလုပ်နည်းသင်တန်း | ၁၃ |
| ၁၃ | လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း | ၁။စာပေဟောပြောပွဲကျင်းပခြင်း<br>၂။ခေတ်မီစာကြည့်တိုက်ထူထောင်ခြင်း<br>၃။အားကစားပစ္စည်းပံ့ပိုးခြင်း<br>၄။နှစ်စဉ်အားကစားပြိုင်ပွဲများကျင်းပခြင်း<br>၅။လူကုန်ကူးကာကွယ်တားဆီးရေးသင်တန်း<br>၆။အမျိုးသမီးကာကွယ်စောင့်ရှောက်မှုသင်တန်း<br>၇။ကိုယ်ခံပညာသင်တန်း<br>၈။ရိုးရာတီးဝိုင်း/ခေတ်ပေါ်တီးဝိုင်းထူထောင်ခြင်း<br>၉။ကွန်ပျူတာသင်တန်း<br>၁၀။အင်္ဂလိပ်စကားပြောသင်တန်း | ၅ |
| ၁၄ | သယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးမှု စီမံကိန်း | ၁။ပုံမှန်ဘတ်စ်ကားလိုင်းပြေဆွဲပေးခြင်း<br>၂။သုံးဘီးဆိုင်ကယ်တက္ကစီထူထောင်ခြင်း | ၇ |
| ၁၅ | သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းမှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။ကျေးရွာအမှိုက်ပုံးထားခြင်း<br>၂။အမှိုက်သိမ်းယာဉ်ထူထောင်ခြင်း<br>၃။လူထုထင်းစိုက်ခြင်းထူထောင်ခြင်း<br>၄။ပုဂ္ဂလိက/အဖွဲ့အစည်းပိုင်ကျွန်းစိုက်ခင်းထူထောင်ခြင်း<br>၅။ဘယဆေးစိုက်ခင်းထူထောင်ခြင်း | ၈ |
| ၁၆ | သဘာဝဘေးလျှော့ချမှုဖွံ့ဖြိုး ရေးစီမံကိန်း | ၁။မီးသတ်ယာဉ်ထူထောင်ခြင်း | ၄ |

| | | | |
|---|---|---|---|
| ၁၇ | အမျိုးသမီးများကာကွယ်စောင့်ရှောက်မှုဖွံ့ဖြိုးရေး စီမံကိန်း | ၁။အိမ်တွင်းအကြမ်းဖက်မှုကာကွယ်မှုသင်တန်း<br>၂။အမျိုးသမီးကာကွယ်စောင့်ရှောက်မှုသင်တန်း | ၂ |
| ၁၈ | မူဝါဒများ | ၁။လယ်ယာမြေသိမ်းဆည်းမှုပြန်လည်ပြင်ဆင်ပြီးစနစ်တကျခွဲဝေပေးရန်<br>၂။ပုံစံ(၇)ရရှိရေး<br>၃။စားသုံးသူရပိုင်ခွင့်ဥပဒေပြဌာန်းပေးရန်နှင့်အရေးယူ ဆောင်ရွက်ပေးရန်<br>၄။ပုံမှန်ဘတ်စ်ကားလိုင်းပြေးဆွဲပေးရန်<br>၅။စက်ရုံထူထောင်ပေးရန်(ဖိနပ်/စက်ဘီး/မီးသီး)<br>၆။လူထုအခြေပြုမူးယစ်ဆေးကာကွယ်တားဆီးရေးအဖွဲ့တရားဝင်ဖွဲ့စည်းပေးရန်<br>၇။ငြိမ်းချမ်းရေးတည်ဆောက်ရန်<br>၈။လယ်ယာထွက်ကုန်ဈေးကွက်တည်ငြိမ်ရေး<br>၉။ကျား/မလုပ်အားခတန်းတူရရှိရေး | ၁၈ |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| **စီမံချက်** | **အဆင့်** | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|
| ၁။ အဖွဲ့အစည်းဆိုင်ရာစီမံ ခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံကိန်း | ၁၇ | | Â | Â | | |
| ၂။ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၃ | | Â | Â | Â | Â |
| ၃။ ကျန်းမာရေးဖွံ့ဖြိုးမှုစီမံ ကိန်း | ၆ | Â | Â | Â | Â | Â |
| ၄။သောက်သုံးရေနှင့်သန့်ရှင်းမှုဖွံ့ဖြိုးရေးစီမံကိန်း | ၁၆ | | Â | Â | | |
| ၅။ လမ်းတံတားနှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း | ၁ | Â | Â | Â | Â | |
| ၆။ စိုက်ပျိုးရေးသီးနှံထုတ် လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း | ၁၅ | Â | Â | Â | Â | Â |
| ၇။ စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၉ | | Â | Â | Â | |

| | | | | | | |
|---|---|---|---|---|---|---|
| **၈။မွေးမြူရေးဖွံ့ဖြိုးမှုစီမံကိန်း** | ၁၄ | | Â | Â | Â | Â |
| ၉။ မွေးမြူရေးနည်းပညာဖွံ့ဖြိုးရေးစီမံကိန်း | ၁၂ | Â | Â | Â | Â | Â |
| ၁၀။ ဘဏ်နှင့် ငွေကြေးဝန် ဆောင်မှု ဖွံ့ဖြိုးရေးစီမံ ကိန်း | ၁၁ | | Â | Â | Â | Â |
| ၁၁။ အသက်မွေးဝမ်းကျောင်း နည်းပညာ ဖွံ့ဖြိုးမှုစီမံကိန်း | ၁၀ | Â | Â | Â | Â | Â |
| ၁၂။ အသက်မွေးဝမ်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁၃ | Â | Â | Â | Â | Â |
| **၁၃။လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း** | ၅ | Â | Â | Â | Â | Â |
| **၁၄။သယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးမှုစီမံကိန်း** | ၇ | | Â | Â | Â | |
| **၁၅။သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဖွံ့ဖြိုးရေးစီမံကိန်း** | ၈ | | | Â | Â | |
| **၁၆။သဘာဝဘေးလျှော့ချမှုဖွံ့ဖြိုးရေးစီမံကိန်း** | ၄ | | Â | | Â | Â |
| **၁၇။အမျိုးသမီးများကာကွယ်စောင့်ရှောက်မှုဖွံ့ဖြိုးရေးစီမံကိန်း** | ၂ | | Â | Â | | |
| ၁၈။ဒေသ၏လိုအပ်ချက် မူဝါဒများကို လွှတ်တော်သို့ တင်ပြခြင်း | ၁၈ | Â | Â | Â | Â | Â |

## ၇။ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီ သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအသုံးစရိတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်စွမ်းရည်မြှင့်တင်ရေး | |
| ၁။ | အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံကိန်း | | | | √ | |
| ၂။ | ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း | | | √ | | |
| ၃။ | ကျန်းမာရေးဖွံ့ဖြိုးမှုစီမံ ကိန်း | | | √ | | |
| ၄။ | **သောက်သုံးရေနှင့်သန့်ရှင်းမှုဖွံ့ဖြိုးရေးစီမံကိန်း** | | | √ | | |
| ၅။ | လမ်းတံတားနှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးမှု စီမံကိန်း | | | √ | | |
| ၆။ | စိုက်ပျိုးရေးသီးနှံထုတ် လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း | | | √ | | |
| ၇။ | **စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း** | | | √ | √ | |
| ၈။ | **မွေးမြူရေးဖွံ့ဖြိုးမှုစီမံကိန်း** | | | √ | | |
| ၉။ | မွေးမြူရေးနည်းပညာဖွံ့ဖြိုးရေးစီမံကိန်း | | | √ | | |
| ၁၀။ | ဘဏ်နှင့် ငွေကြေးဝန် ဆောင်မှု ဖွံ့ဖြိုးရေးစီမံကိန်း | | | √ | | |
| ၁၁။ | အသက်မွေးဝမ်းကျောင်း နည်းပညာ ဖွံ့ဖြိုးမှု စီမံကိန်း | | | √ | √ | |
| ၁၂။ | အသက်မွေးဝမ်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | | | √ | √ | |
| ၁၃။ | **လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း** | | | √ | √ | |
| ၁၄။ | **သယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးမှုစီမံကိန်း** | | | √ | | |
| ၁၅။ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဖွံ့ဖြိုးရေးစီမံကိန်း | | | √ | √ | |
| ၁၆။ | သဘာဝဘေးလျော့ချမှုဖွံ့ဖြိုးရေးစီမံကိန်း | | | √ | √ | |
| ၁၇။ | အမျိုးသမီးများကာကွယ်စောင့်ရှောက်မှုဖွံ့ဖြိုးရေးစီမံကိန်း | | | | √ | |
| ၁၈။ | ဒေသ၏လိုအပ်ချက်မူဝါဒများကိုလွှတ်တော်သို့ တင်ပြခြင်း | | √ | | | |

၈။ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ ဇယား

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ၁။ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှု | | | | | |
| ကျေးရွာရှိအဖွဲ့အစည်းများ စွမ်းဆောင်ရည်အားနည်းသည်။ | ခေါင်းဆောင်တစ်ဦး တည်းကသာ ဆုံးဖြတ်ချက်ချမှတ်ပြီး ကျန်ရွာသူ/သားများက လိုက်လုပ်နေရခြင်း။ အဖွဲ့အစည်းဆိုင်ရာအခြေခံသဘောတရားနှင့် ဆိုင်သော ဗဟုသုတ အားနည်းခြင်း | ကျေးရွာတွင်ကျေးရွာ၏ဖွံ့ဖြိုးရေးကို သီးခြားစီးတာဝန်ခွဲလုပ်ကိုင်နေကြသော အဖွဲ့အစည်းများစွာရှိ သည်။ အမျိုးသမီးနှင့်လူငယ်များ တက်ကြွစွာပါဝင်ကြသည်။ | | | အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု ဖွံ့ဖြိုးရေး သင်တန်းများ<br>၁။အဖွဲ့အစည်းများတွင် အမျိုးသမီးနှင့်လူငယ်များ အချိုးကျပါဝင်ဖွဲ့စည်းရန်<br>၂။အဖွဲ့အစည်းချိတ် ဆက်မှုသင်တန်း<br>၃။ စာရင်းနှင့်မှတ် တမ်းရေးသွင်းမှု သင် တန်း<br>၄။ လေ့လာရေးခရီး |
| ၂။ ကဏ္ဍ – ပညာရေး | | | | | |
| သင်ကြားမှု အားနည်းနေသေးသည်။ | ဆရာ/ဆရာမလုံလောက် မှု မရှိ။ ဆွဲခန့်ဆရာ/မများဆရာ ဖြစ်သင်တန်း မတက်ရ သေးခြင်း | ဖွဲ့စည်းပုံအရ ဝန်ထမ်း ခန့်ထားနိုင်သည်။ ကျောင်းသားအရေအတွက်များသည်။ | လစ်လပ်နေရာခန့်ထားနိုင် ခြင်း မရှိ။ | ပညာရေးဌာနသို့ အခက်အခဲ များ တင်ပြခြင်း။ | ပညာရေးဖွံ့ဖြိုးမှုစီ မံ ကိန်း<br>၁။ ဝန်ထမ်းအင်အား တိုးမြှင့်ခန့်ထားပေး ခြင်း<br>၂။ ဆရာဖြစ်သင်တန်း |

| | | | | | |
|---|---|---|---|---|---|
| ကျောင်းဆောင် လုံလောက်မှု မရှိ သေး ခြင်း | ကျောင်းသားအရေ အ တွက်တိုးလာခြင်း | ကျေးရွာတွင်ဆောက်လုပ် ရေး ပစ္စည်း သဲ၊ ကျောက် လုံလောက်စွာရရှိနိုင်သည်။ ကျွမ်းကျင်သော လက်သ မား၊ ပန်းရံရှိသည်။ ကျေးရွာမှ လုပ်အားပစ္စည်း ထည့် ဝင်နိုင်သည်။ | ငွေကြေးနှင့် နည်းပညာမ တတ် နိုင်ကြပါ။ | ပညာရေးဌာနသို့ အခက် အခဲ များ တင်ပြခြင်း။ | ကျောင်းဆောင်တိုးချဲ့ ဆောက်လုပ်ခြင်း |
| ကျောင်းသုံးပ ရိ ဘောဂလုံလော က် မှုမရှိ။ | ကျောင်းသားအရေ အတွက် တိုးလာခြင်း နှင့် ပရိဘောဂအချို့ ဟောင်းနွမ်း ပျက်စီး ခြင်း။ | ဆောက်လုပ်ရေးပစ္စည်း များဒေသအတွင်းအလွယ် တကူဝယ်ယူရရှိနိုင်သည်။ ကျွမ်းကျင်သော လက်သ မား၊ ပန်းရံရှိသည်။ | ငွေကြေးနှင့် နည်းပညာမ တတ် နိုင်ကြပါ။ | ပညာရေးဌာနသို့ အခက် အ ခဲများ တင်ပြခြင်း။ | ကျောင်းသုံးပရိဘောဂ |
| ပညာသင်ကြားရာ တွင် ကလေးနှင့် ဆရာ/မ များ လုံ ခြုံမှု နည်းသည်။ | ကျောင်းခြံစည်းရိုး ပျက်စီးနေသည်။ | ဆောက်လုပ်ရေးပစ္စည်းမျာ းဒေသအတွင်းအလွယ်တ ကူ ဝယ် ယူရရှိနိုင်သည်။ ကျွမ်း ကျင်သော လက်သ မား၊ ပန်းရံရှိ သည်။ | ငွေကြေးနှင့် နည်းပညာမ တတ် နိုင်ကြပါ။ | ပညာရေးဌာနသို့ အခက် အ ခဲများ တင်ပြခြင်း။ | ကျောင်းခြံစည်းရိုး ကာရံ ခြင်း |
| ကျောင်းသားများ အားကစားတွင် ထူးချွန်မှုအားနည် းခြင်း | အားကစားကွင်းနှင့် အားကစားပစ္စည်းလုံ လောက်မှုမရှိခြင်း | အားကစားကိုကျောင်း သားများစိတ်ဝင်စားကြ သည်။ | ပညာရေးရန်ပုံငွေအား နည်းသည်။ | ပညာရေးဌာနသို့တင်ပြ ခြင်း | ၁။ကျောင်းအားကစားပစ္စ ည်း ထောက်ပံ့ခြင်း ၂။ကျောင်းအားကစားကွင်း ပြုလုပ်ပေးခြင်း |
| ကျောင်းသားများ စာဖတ်အားနည်း လာခြင်း | ကျောင်းတွင်းစာကြ ည့်တိုက်မရှိခြင်း | သင်ယူလေ့လာလိုသော ကျောင်းသားများရှိသည်။ | ပညာရေးရန်ပုံငွေအားန ည်းသည်။ | ပညာရေးဌာနသို့တင်ပြ ခြင်း | ကျောင်းတွင်းစာကြည့်တို က် ထူထောင်ပေးခြင်း |

| | | | | | |
|---|---|---|---|---|---|
| ကျောင်းအိမ်သာမ ျားလုံလောက်မှု မရှိခြင်း | ကျောင်းယင်လုံအိမ် သာမရှိခြင်း | ယင်လုံအိမ်သာဆောက်လု ပ်ရန်မြေနေရာရှိခြင်း | ငွေကြေးအရင်းအနှီးနှင့် နည်းပညာမရှိခြင်း | ပညာရေးဌာန နှင့် ကျန်း မာ ရေးဌာနတို့နှင့် ဆက် သွယ်အကူ အညီ ရယူခြင်း။ | ကျောင်းယင်လုံအိမ်သာဆ ောက်လုပ်ပေးခြင်း |
| ပညာထူးချွန်သေ ာ ဆင်းရဲသားက လေး ငယ်များ ပညာဆက် လက်သင်ကြား နိုင်ခြင်း မရှိ။ | မိဘများဆင်းရဲသော ကြောင့်ကျောင်းဆ က် မထားနိုင်ကြပါ။ | အချို့ဆင်းရဲသားကဘေး ငယ်များ ပညာထူးချွန်ကြ သည်။ | မိဘများဆင်းရဲသော ကြောင့် ကျောင်းဆက်မ ထား နိုင်ကြပါ။ | ပညာရေးအဖွဲ့အစည်း များနှင့် ချိတ်ဆက်ဆောင် ရွက် ခြင်းမိဘဆရာ အသင်း မှ ဦးဆောင်၍ ပညာရေးရံပုံငွေထူထော င်ခြင်း | ဆင်းရဲသားပညာရေးရံပုံ ငွေထူထောင်ခြင်း |
| ၃။ ကဏ္ဍ– ကျန်းမာရေး | | | | | |
| လူနာများအ ရေးပေါ်သွား လာရာတွင် အ ခက်အခဲ ရှိ သည်။ | အရေးပေါ်သွားလာရန် ယဉ် မရှိ။ | အရေးပေါ်ယဉ် ဒေသ အ တွင်းဝယ်ယူရရှိ နိုင်သည်။ | ငွေကြေးအရင်းအနှီးမရှိ။ | ကျန်း မာ ရေးဌာနတို့နှင့် ဆက် သွယ်အကူ အညီ ရယူခြင်း။ | ၁။အရေးပေါ်လူနာ တင် ယဉ်ထူထောင် ခြင်း |
| သာမာန်အဖျာ း အနာအဖြစ် များသည်။ | ကျန်းမာရေးဗဟုသုတ နည်း သည်။<br>ကျန်းမာရေးလိုက်စားမှု နည်းပါးသည်။ | ဒေသအတွင်း ကျန်းမာ ရေးဌာနှင့် ကျန်းမာရေးနှင့် ဆိုင်သော ပညာပေးအဖွဲ့ များရှိသည်။ | ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ် ဆက်မှုအားနည်း နေသေး သည်။<br>ငွေကြေး အရင်းအနှီး မရှိခြင်း | ကျေးလက်နှင့်ကျန်းမာ ရေးဌာန များမှတဆင့် တင်ပြခြင်း။ | ၁။ကျန်းမာရေးအသိ ပညာ ပေးဟောပြောပွဲများပြုလုပ် ခြင်း<br>၂။ကျန်းမာရေးလေ့ကျင့်ခန်း သုံးပစ္စည်းများထောက် ပံ့ခြင်း<br>၃။အာဟာရပညာပေးအစီ အစဉ်သင်တန်းပေးခြင်း<br>၄။တီဘီဆေးထောက်ပံ့ဖြင်း<br>၅။ကွန်ဒုံးဖြန့်ဖြူးပေးခြင်း |

| | | | | | |
|---|---|---|---|---|---|
| ငှက်ဖျားရောဂါ အဖြစ်များသည်။ | ကျန်းမာရေးဗဟုသုတ နည်းပါးသည်။ | ဒေသအတွင်းကျန်းမာရေး ဌာနနှင့် ကျန်းမာရေးနှင့် ဆိုင်သော ပညာပေးအဖွဲ့ များရှိသည်။ | ဖွံ့ဖြိုးရေးအဖွဲ့များနှင့်ချိတ် ဆက်မှုအားနည်းနေသေးသည်။ | ကျန်းမာရေးဌာနများမှတဆင့်တင်ပြခြင်း | ၁။ဆေးစိမ်ခြင်ထောင်ထောက်ပံ့ပေးခြင်း ၂။ငှက်ဖျားဆေးထောက်ပံ့ပေးခြင်းနှင့် ဆေးဖြန်းခြင်း |
| ကျေးရွာတွင် ကျန်းမာရေး စောင့်ရှောက်မှုနှင့်ဝန် ဆောင်မှု လုံ လောက်စွာ ရရှိနိုင်ခြင်း မရှိ။ | အရံသားဖွါးရှိပြီးဖြစ် သော်လည်းလုံလောက်မှု မရှိ။ | သားဖွားသင်တန်းဆင်း များရှိခြင်း | မည်သို့ချိတ်ဆက်ရမည် မသိခြင်း | ကျေးလက်ဦးစီးဌာနမှတဆင့် ကျန်းမာရေးဦးစီးဌာနသို့တင် ပြခြင်း။ | သားဖွားဆရာမတိုးမြှင့်ခန့်ထားပေးရန် |
| ကျေးရွာတွင် ဆေးဖက်ဝင် အ ပင်များစွာရှိ သော်လည်း အကျိုးရှိစွာအသုံး ပြုနိုင်ခြင်း မ ရှိ။ | တိုင်းရင်းဆေးဗဟုသုတ နည်းသည်။ | ကျေးရွာတွင်ဆေးဖက် ဝင် အပင်များစွာရှိ သည်။ | သင်တန်းတက်ရောက်ရန် အဆက်အသွယ်မရှိ။ ကုန်ကျစရိတ် မတတ်နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနမှတဆင့်ကျန်းမာရေးဦးစီးဌာနသို့တင်ပြခြင်း။ | တိုင်းရင်းဆေးသင်တန်း |
| ၄။ ကဏ္ဍ– သောက်ရေနှင့်သန့်ရှင်းရေး | | | | | |
| သောက်ရေ အ ရည်အသွေး ကောင်း/မကောင်းမသိပြ ပါ။ | တစ်ခါမှ စမ်းသပ် စစ် ဆေးဘူးခြင်းမရှိကြပါ။ | ကျေးလက်ဦးစီးဌာန တွင် ရေအရည်အ သွေးစစ်ဆေး နိုင် သည်။ | အဆက်အသွယ်အားနည် း သည်။ မည်သည့်နေရာတွင် စစ် ဆေး ရရှိနိုင်ကြောင်း မသိ ကြပါ။ | ကျေးလက်ဦးစီးဌာနသို့ ရေနမူနာပေးပို့ စစ်ဆေး နိုင်သည်။ | သောက်ရေအရည်အသွေးစ စ်ဆေးခြင်း |
| နွေရာသီတွင် အချို့လူနေရပ် | နွေရာသီတွင်အချို့ရေတွ င်း များ ရေခမ်းသည်။ | မြေအောက်ရေရရှိနိုင်သည်။ | ရေတွင်းအသစ်တူးရန် ငွေကြေးမတတ်နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနသို့ တင်ပြ | သောက်ရေတွင်းတူး ဖေါ် ခြင်းနှင့်အဟောင်း ပြု |

| | | | | | |
|---|---|---|---|---|---|
| ကွက်များတွင် သောက်ရေလုံ လောက်မှုမရှိ။ | | | | အကူအညီတောင်း ခံခြင်း | ပြင်ခြင်း |
| ယင်လုံအိမ်သ ာသုံးစွဲမှုအား နည်းခြင်း | ဆင်းရဲသောကြောင့်ယင် လုံအိမ်သာဆောက်လုပ် သုံးစွဲနိုင်ခြင်းမရှိ | ဒေသတွင်းကျန်းမာရေးအ ဖွဲ့အစည်းများရှိသည်။ | အရင်းအနှီးနှင့် နည်းပညာ မရှိခြင်း။ အဆက်အသွယ်မရှိခြင်း | ဒေသတွင်းအဖွဲ့အစည်း များနှင့်ချိတ်ဆက်ဆော က်ရွက်ရန် | ဆင်းရဲသားများအား ယင်လုံအိမ်သာဆောက်လု ပ်ပေးခြင်း |
| ၅။ ကဏ္ဍ- လမ်းတံတားနှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးမှု စီမံကိန်း | | | | | |
| ကျေးရွာတွင် လူ ထုအစည်း အဝေးကျင်းပ ရန်နေရာ အဆောက်အဦ မကောင်းခြင်း | ကျေးရွာတွင် လူထုအ စည်း အဝေးခန်းမ မိုး ယိုခြင်း။ ယင်လုံအိမ်သာမရှိခြင်း။ | အိမ်သာဆောက်လုပ်ရန် မြေနေရာရှိခြင်း။ဆောက် လုပ်ရေးပစ္စည်း များဒေသ အတွင်းအလွယ်တကူ ဝယ် ယူရရှိနိုင်သည်။ကျွမ်းကျင် သော လက်သမား၊ ပန်းရံ ရှိသည်။ | အဆောက်အဦပြုပြင်ရန် နှင့် အိမ်သာဆောက် လုပ် ရန် ငွေကြေးမတတ် နိုင် ကြပါ။ | ကျေးလက်ဦးစီးဌာနသို့ တင်ပြအကူအညီ တောင်း ခံခြင်း | ၁။ကျေးရွာအစည်းအဝေး ခန်းမဆောင်ပြုပြင်ခြင်း ၂။ယင်လုံအိမ်သာဆောက် လုပ်ခြင်း |
| ရွာတွင်းလမ်း လမ်းများမိုးရာ သီတွင်သွား လာရ ခက်ခဲ သည်။ | ရွာတွင်းများမှာကျောက် ချောလမ်းဖြစ်သော်လ ည်း ပျက် စီးနေ သော ကြောင့်မိုးရာသီ တွင် သွားလာရ ခက်ခဲ သည်။ | လမ်းပြင်ရန်သဲနှင့်ကျောက် ကို ဒေသအတွင်း အလွယ်တကူအလုံ လောက် ရရှိနိုင်သည်။ ငွေကြေးအချို့နှင့်လုပ်အား လည်းထည့်ဝင်နိုင်သည်။ | ရွာတွင်းလမ်းပြုပြင်ရန် ငွေ ကြေး မတတ် နိုင်ကြ ပါ။ | ကျေးလက်ဦးစီးဌာနသို့ တင်ပြအကူအညီတောင်း ခံခြင်း | ရွာတွင်းလမ်းပြုပြင်ခြင်း/ အဆင့်မြှင့်တင် ခြင်း |
| မြေနိမ့်ပိုင်းရှိ အိမ်များ မိုးရာ သီတွင် ရေ နစ်မြုပ်နေ ခြင်း | ရေပြွန်များသည်နှစ်ကြာ လာသည်နှင့်အမှု အ မှိုက်များနှင့် မြေကြီး များပိတ်စို့နေပြီးမိုးတွင်း အချိန်၌ ရေမထွက်နိုင်ပဲ ရေဝပ်မှုဖြစ်သည်။ | ရေပြွန်အသစ်များတပ်ဆင်ြ ြင်းနှင့် ထပ်မံတူးဖော်ပြု ပြင် နိုင်ပါကပြန်လည် ကောင်း မွန်မည်ဖြစ်သည်။ | ငွေ ကြေး နှင့် နည်းပညာ မတတ် နိုင်ကြ ပါ။ | ကျေးလက်ဦးစီးဌာနသို့ တင်ပြအကူအညီတောင်း ခံခြင်း | ရေပြွန်တပ်ဆင်ခြင်း/ ရေ နုတ်မြောင်းတူးဖော်ခြင်း |

| | | | | | |
|---|---|---|---|---|---|
| ကျေးရွာဈေး အဆောက်အဦ မကောင်းခြင်း | အဆောက်အဦမကောင် းခြင်း၊ မိုးများသောအချိန်တွင် ရေနှစ်မြုပ်နေခြင်း | | ငွေကြေးနှင့်နည်းပညာ မတတ်နိုင်ကြပါ။ | | ကျေးရွာဈေးအဆင့်မြှင့်တင်ခြင်း |
| ၆။ ကဏ္ဍ- စိုက်ပျိုးရေး(သီးနှံထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း) | | | | | |
| သီးနှံအထွက် နှုံးနည်းနှင့်သီး နှံ ထုတ်လုပ်မှု နည်း သည်။ | မျိုးကောင်း/သန့်မရှိ။ အချိန်မီထွန်ယက်နိုင်ခြ င်းမရှိ။ | စိုက်ပျိုးရေးဌာနရှိသည်။ | ငွေကြေး မတတ် နိုင်ကြ ပါ။ ကုမ္ပဏီများ၊ပုဂ္ဂလိက ဘဏ်များနှင့် ချိတ်ဆက် နိုင်မှုအား နည်းသည်။ | ကျေးလက်ဦးစီးဌာနမှတ ဆင့် စိုက်ပျိုးရေးဌာနနှင့် ပုဂ္ဂလိက ကုမ္ပဏီနှင့် ဘဏ် များသို့ တင်ပြ အကူအညီ တောင်းခံခြင်း | ၁။စပါးမျိုးကောင်းမျိုး သန့် ရရှိရေး ၂။ ကြက်မောက်၊လိုင်ချီး၊ သရက်၊ကျွဲကော၊နာနတ်စ သည့်နှစ်ရှည်ပင်များမျိုး ကောင်း မျိုးသန့် ရရှိရေး |
| ၇။ ကဏ္ဍ- စိုက်ပျိုးရေးနည်းပညာဖွံ့ ဖြိုးရေးစီမံကိန်း | | | | | |
| စိုက်ပျိုးသီးနှံ များပျက်စီး ဆုံးရှုံးမှု များ သည်။ | စိုက်ပျိုးရေးနည်းပညာ ဖွံ့ ဖြိုးမှု အားနည်း သည်။ | စိုက်ပျိုးရေးနည်းပညာ ပံ့ ပိုးပေးသော ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ ဒေသအတွင်း ရှိသည်။ | သင်တန်းတက်ရောက်ရန် ကုန်ကျမှု ငွေကြေးမတတ် နိုင် ကြပါ။ | ကျေးလက်ဦးစီးဌာနမှတ ဆင့် စိုက်ပျိုးရေးဌာနသို့ တင်ပြအကူအညီတောင်း ခံခြင်း | စိုက်ပျိုးရေးနည်းပညာ ဖွံ့ ဖြိုးမှုသင်တန်းများ ၁။ သဘာဝမြေဆွေးပြု လုပ်နည်းသင်တန်း ၂။ ကိုင်းကူးကိုင်း ဆက် သင်တန်း ၃။ မြေဆီလွှာပြုပြင်ထိန်း သိမ်းနည်းသင်တန်း |
| ၈။ ကဏ္ဍ-မွေးမြူရေးဖွံ့ဖြိုးမှုစီမံကိန်း | | | | | |
| မွေးမြူရေး ထုတ်လုပ်မှု နည်းသည်။ | စီးပွါးဖြစ်မွေးမြူနိုင်ခြင်း မရှိ။ | အိမ်တိုင်းနီးပါးတစ်ပိုင် တစ် နိုင်မွေးမြူကြပြီးမွေး မြူရေးကို ရင်းနှီးကျွမ်းဝင် မှုရှိသည်။ | တိုးချဲ့မွေးမြူရန် အရင်းအ နှီးမ ရှိ။ | ကျေးလက်ဦးစီးဌာနမှတ ဆင့် မွေးမြူရေးဌာနသို့ တင်ပြခြင်း | ၁။စားကျက်မြေတိုးချဲ့ထွင် ခြင်း ၂။အာဟာရပြည့်မြက်စိုက် ပျိုးခြင်း ၃။ကာကွယ်ဆေးထိုးခြင်း |
| ၉။ ကဏ္ဍ-မွေးမြူရေးနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | | | | | |

| | | | | | |
|---|---|---|---|---|---|
| မွေးမြူထားသောအိမ်မွေးတိ ရစ္ဆာန်များဆုံးရှုံးမှု များသည်။ | နှစ်စဉ်ရာသီရောဂါများဆိုးရွားစွာကျရောက်လေ့ရှိ သည်။ | မွေးမြူရေးဦးစီးဌာနရှိသည်။<br>ကျေးရွာအတွင်းတိမွေးကုသင်တန်းဆင်းရှိသည်။ | ကျွမ်းကျင်မှုအားနည်းနေသေးသည်။ | ကျေးလက်ဦးစီးဌာနမှတဆင့် မွေးမြူရေးဌာနသို့တင်ပြခြင်း | တိမွေးကုမွမ်းမံသင် တန်း |
| ၁၀။ ကဏ္ဍ-ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | | | | | |
| တောင်သူများနှင့် သင့်တော်သော ငွေကြေးဝန်ဆောင်မှုမရှိ။ | လက်ရှိချေးငွေရရှိသောမြစိမ်း ရောင် နှင့်သမဝါယမစီမံကိန်းများမှာ ကာလတို ချေးငွေဖြစ် ခြင်း၊ ချေးငွေအချိန်မီ မရနိုင်ခြင်း၊ ချေးငွေ ပ မာဏနည်းခြင်း၊ | နိုင်ငံတော်မှ နှစ်ရှည်ချေးငွေ များပံ့ပိုးပေးလျက် ရှိသည်။ | လက်ရှိချေးငွေများတောင် သူများနှင့်ကိုက်ညီမှု အား နည်းနေသေးသည်။ | လွှတ်တော်မှတဆင့်တင်ပြ ခြင်း။ | အတိုးနှုံးသက်သာ သောနှစ်ရှည်ချေးငွေ |
| ၁၁။ ကဏ္ဍ-အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖွံ့ဖြိုးမှုစီမံကိန်း | | | | | |
| အသက်မွေးဝမ်းကျောင်းလုပ် ငန်းဖွံ့ဖြိုးတိုးတက်မှုအားနည်းသည်။ | အသက်မွေးလုပ်ငန်းများကိုစီးပွါးဖြစ်လုပ်ကိုင်နိုင် ခြင်းရှိ။ | ကျွမ်းကျင်မှုရှိသောအ သက်မွေးဝမ်းကျွမ်းကျင်သောလုပ်ငန်းများရှိသည်။ | လုပ်ငန်းတိုးချဲ့ရန် အရင်းအနှီး နည်းသည်။ မတတ်နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနသို့တင်ပြ<br>အကူအညီတောင်း ခံခြင်း | အသက်မွေးဝမ်း ကျောင်းလုပ်ငန်းဖွံ့ဖြိုးမှုစီမံ ကိန်းခေတ်မှီစက်ကရိယာတပ်ဆင်ခြင်းလုပ်ငန်း (လက်သမားကရိယာ၊ ပန်းရံကရိယာ၊ စက် ချုပ်ကရိယာ၊ အလှ ပြင်ဆိုင်ကရိယာ စသည်)<br>၂။ဖိနပ်/စက်ဘီး/မီးသီး/ပလာယာစက်ရုံထူထောင်ခြင်း<br>၃။တစ်ရှူးလုပ်ငန်းစက်ကိရိ |

| | | | | | |
|---|---|---|---|---|---|
| | | | | | ယာအဆင့်မြှင့်တင်ခြင်း |
| ၁၀။ ကဏ္ဍ- အသက်မွေးဝမ်းကျောင်း နည်းပညာ | | | | | |
| အသက်မွေးဝမ်းကျောင်း နည်းပညာ ကျွမ်းကျင်မှု အားနည်းနေသေးသည်။ | အသက်မွေးဝမ်းကျောင်း နည်းပညာ သင်တန်းများ တက်ရောက်နိုင်ခြင်း မရှိ။ | သင်တန်းကုန်ကျစရိတ်မတတ်နိုင်ကြပါ။ | ဒေသတွင်း အသက်မွေးဝမ်းကျောင်း နည်းပညာ သင်ကြား ပေးသော ဖွံ့ဖြိုး ရေးအဖွဲ့များ ပုဂ္ဂလိက အဖွဲ့များရှိသည်။ | ကျေးလက်ဦးစီးဌာနသို့ တင်ပြ အကူအညီတောင်း ခံခြင်း | အသက်မွေးဝမ်း ကျောင်း နည်းပညာ သင်တန်း များ<br>၁။ဝါယာရိန်း/စက်ပြင်မွမ်းမံသင်တန်း<br>၂။မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း<br>၃။ရေခဲမုန့်ပြုလုပ်နည်းသင်တန်း<br>၄။ဒိန်ချဉ်ပြုလုပ်နည်းသင်တန်း<br>၅။ဝါရိန်ဆော်သင်တန်း<br>၆။သံပန်းပြုလုပ်နည်းသင်တန်း<br>၇။သံဇကာပြုလုပ်နည်းသင်တန်း<br>၈။စက်ယက္ကန်းသင်တန်း<br>၉။ရိုးရာဂျုတ်ခုတ်သင်တန်း<br>၁၀။သစ်သီးယို/ဝိုင်ပြုလုပ်နည်းသင်တန်း<br>၁၁။စက်ချုပ်သင်တန်း<br>၁၂။ပန်းအလှပြင်သင်တန်း<br>၁၃။ဆပ်ပြာပြုလုပ်နည်းသင်တန်း |
| ၁၃။ ကဏ္ဍ- လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း | | | | | |
| လူငယ်များအ | အသက်မွေးဝမ်းပညာ | ဒေသအတွင်း ကျွမ်းကျင် | သင်တန်းတက်ရောက်ရန် | ကျေးလက်ဦးစီးဌာနမှတ | ၁။ ကွန်ပျူတာသင် တန်း |

| | | | | | |
|---|---|---|---|---|---|
| သက်မွေး ဝမ်း ပညာကျွမ်း ကျင်မှုအား နည်းသည်။ | သင် ကြားနိုင်ခြင်းမရှိ။ | သူ များရှိသည်။<br>နည်းပညာပံ့ပိုးပေးသော ဖွံ့ဖြိုးရေးအဖွဲ့များရှိသည်။ | ကုန် ကျစရိတ်မတတ်နိုင် ကြပါ။<br>အဖွဲ့များနှင့် ချိတ်ဆက်မှု အား နည်းသည်။ | ဆင့် ဖွံ့ဖြိုးရေးအဖွဲ့များ နှင့်ချိတ်ဆက်ဆောင်ရွက် ခြင်း | ၂။ အင်္ဂလိပ်စကား ပြော သင်တန်း |
| ရိုးရာယဉ် ကျေးမှုထိန်း သိမ်းမှုအား နည်းသည်။ | တိုင်းရင်းသားရိုးရာပွဲ များကို စည်ကားသိုက် မြိုက်စွာ နှစ်စဉ်ပုံမှန် ကျင်းပနိုင်ခြင်း မရှိ။<br>လက်ဆင့်ကမ်းအမွေပေ းမှု ဆက်ခံမှု အားနည်း သည်။ | ရိုးရာယဉ်ကျေးမှု အမွေအ နှစ်များကို ထိန်းသိမ်း သော သက်ကြီးရွယ်ကြီး များရှိသည်။<br>တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ များရှိသည်။<br>ယခင်ကရိုးရာပွဲများကို စည်ကားသိုက်မြိုက်စွာ နှစ် စဉ်ကျင်းပခဲ့ကြသည်။ | ယခုအခါ ရိုးရာပွဲများကို နှစ်စဉ်ကျင်းပနိုင်ခြင်းမရှိ။<br>ဆန်းသစ်မှုမရှိကြပါ။ | တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ များနှင့် ချိတ်ဆက် ဆောင်ရွက် ခြင်း | ရိုးရာတီးဝိုင်း/ ခေတ် ပေါ်တီးဝိုင်းထူထောင် ခြင်း |
| အားကစားတိုး တက်မှုအား နည်းသည်။ | အားကစားကွင်း ရှိသော် လည်း အားကစား ပစ္စည်းမ ရှိကြပါ။ | အားကစားကို ရုပ်မြင်သံ ကြားမှ ပြသပေးသည်။<br>ကျန်းမာရေးနှင့်အားကာ ဌာနရှိသည်။<br>အားကစားပစ္စည်းများကို ဒေသအတွင်း ဝယ်ယူရရှိ နိုင် သည်။ | ငွေကြေးမတတ်နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနမှတ ဆင့် ကျန်းမာရေးနှင့် အား ကစား ဝန်ကြီးဌာနသို့ တင်ပြခြင်း | ၁။အားကစားပစ္စည်းများ ပံ့ပိုးခြင်း<br>၂။နှစ်စဉ်အားကစားပြိုင်ပွဲ များကျင်းပခြင်း |
| လေ့လာသင် ယူမှုအားနည်း သည်။ | စာကြည့်တိုက်ရှိသော် လည်းစာအုပ်များပြည့်စုံ မှုမရှိအင်တာနက် အသုံး ပြုသော်လည်းဖေ့စ်ဘု တ်၊ ဗိုက်ဗာတို့ကို သာအ ကြည့်များပြီးအကျိုး ရှိရှိ အသုံးမချတတ်ကြပါ။ | လူငယ်တိုင်းလိုလို အင် တာနက်အသုံးပြုကြသည်။<br>ဖုန်းလိုင်းဆက်သွယ်ရေး ကောင်းသည်။<br>ကျေးရွာတွင်စာကြည့် တိုက် ရှိသည်။ | လူငယ်များ စာဖတ်နည်း ကြ သည်။<br>အင်တာနက်ကို အကျိုးရှိရှိ အ သုံးမချတတ်ကြပါ။ | လေ့လာသင်ယူနိုင်မည့် အစီအစဉ်များထားရှိခြင်း | ၁။နှစ်စဉ်စာပေဟောပြောပွဲ ကျင်းပခြင်း<br>၂။ခေတ်မီစာကြည့်တိုက်ထူ ထောင်ခြင်း |

| | | | | | |
|---|---|---|---|---|---|
| လူငယ်များလုံခြုံမှုအားနည်းသည်။ | မူးယစ်ဆေးသုံးစွဲသူများလာ ကြသည်။<br>ယဉ်အန္တရာယ်ရှိသည်။<br>လူကုန်ကူး ခံရနိုင်မှု အန္တရာယ်ရှိသည်။ | လူငယ်များလုံခြုံစွာနေ ထိုင်သွားလာလိုကြသည်။ | မူးယစ်ဆေးများကို အလွယ်တကူ ဝယ်ယူသုံးစွဲနိုင် ကြသည်။ | လူငယ်ဖွံ့ဖြိုးရေးကို စီမံကိန်း တစ်ရပ်အနေဖြင့် အ လေးထား ဆောင်ရွက်ပေး သင့်သည်။ | လူငယ်ဖွံ့ဖြိုးရေးသင်တန်းများ<br>၁။ အမျိုးသမီးကာကွယ်စောင့်ရှောက်မှုသင်တန်း<br>၂။ကိုယ်ခံပညာသင်တန်း<br>၃။ လူကုန်ကူး ကာ ကွယ်တားဆီးရေးအ သိပညာပေးသင်တန်း |
| ၁၄။ ကဏ္ဍ- သယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးမှုစီမံကိန်း | | | | | |
| အလုပ်အကိုင်အခွင့်အလမ်းနည်းသည် | ဒေသအတွင်း အလုပ်ရုံ၊ စက်ရုံများမရှိ။ | အလုပ်လုပ်နိုင်သောအရွယ်များစွာရှိသည်။<br>ဒေသတွင်းခရီးသွားလုပ်ငန်းများ ရှိသည်။ | အသက်မွေးလုပ်ငန်းကျွမ်း ကျင်မှု<br>အားနည်းသည်။ | တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူ ထောင်ပေးခြင်း | ၁။ သုံးဘီး ဆိုင်ကယ်တက္ကစီ ထူထောင်ခြင်း |
| စီးပွါးရေး၊ လူမှုရေး၊ ပညာရေးတို့အတွက်သွားလာရေးခက်ခဲသည်။ | ပုံမှန်သွားလာသည့် ခရီးသည် ပို့ဆောင်ရေး ယဉ်မရှိ။စင်းလုံးငှါး သွားလာကြရသဖြင့် ကုန်ကျစရိတ်များသည်။<br>ယဉ်လုံလောက်မှုမရှိ။ | စီးပွါးရေး၊ လူမှုရေး၊ ပညာရေးတို့အတွက်ပုံမှန်သွားလာသူများသည်။<br>လမ်းအသင့်အတင့်ကောင်းပြီး ဒေသထွက်ကုန်များရှိသည်။ | အများပြည်သူသုံးသွားလာ သည့်ယဉ်မရှိ။ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာ နနှင့် လွှတ်တော်ကိုယ်စားလှယ် သို့ တင်ပြခြင်း | ပုံမှန်ပေးဆွဲသည့် ဘတ်စ်ကားလိုင်း ပြေးဆွဲခြင်း |
| ၁၅။ ကဏ္ဍ- သဘာဝပါတ်ဝန်းကျင် ထိန်းသိမ်းရေးဖွံ့ဖြိုးမှု စီမံကိန်း | | | | | |
| သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းမှုအား နည်း သည်။ | ဗဟုသုတနည်းသည်။ | သဘာဝပါတ်ဝန်းကျင် ထိန်းသိမ်းရေးဆောင်ရွက်ေော ဖွံ့ဖြိုးရေးအဖွဲ့များ ရှိသည်။ | ချိတ်ဆက်မှုမရှိ/ ချိတ်ဆက်မှု အားနည်းသည်။ | ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲ ၍ ကျေးလက်ဦးစီး ဌာနမှ တဆင့် တင်ပြခြင်း | ၁။ ကျေးရွာ အ မှိုက်ပုံးများ ထားရှိ ခြင်း<br>၂။ အမှိုက်သိမ်းယာဉ် ထူထောင်ခြင်း |

| | | | | | |
|---|---|---|---|---|---|
| ဆေးဖက်ဝင် အပင်များတ ဖြည်းဖြည်းရှား ပါးလာသည် | စည်းကမ်းမဲ့ ထုတ်ယူ သုံးစွဲ ရောင်းချပြီး ထိန်း သိမ်းမှုအားနည်းသည်။ | ရှာဖွေစုဆောင်း ရရှိနိုင် သေးသည်။ | စိုက်ခင်းထူထောင်ရန် နည်း ပညာဗဟုသုတနည်း သည်။ | ပြန်လည်ထိန်းသိမ်းမည့် အစီအစဉ်များ ချမှတ်ဆောင် ရွက်ခြင်း | ၃။ဆေးဖက်ဝင်ဘယ ဆေးစိုက်ခင်းထူ ထောင် ခြင်း |
| သစ်တောများ ပြုန်းတီးလာ သည်။ | ထင်း၊ မီးသွေးနှင့် သစ် ကို စည်းကမ်းမဲ့ ထုတ် ယူ သုံးစွဲ ရောင်းချပြီး ထိန်းသိမ်းမှု အားနည်း သည်။ | ပျိုးပင်များကို သစ်တော ဦး စီးဌာနမှ အလွယ်တကူ ရ ရှိနိုင်သည်။ ကျေးရွာပိုင် မြေနေရာရှိ သည်။ | စိုက်ခင်းထူထောင်ရန် နည်း ပညာဗဟုသုတနည်း သည်။ | ကျေးလက်ဦးစီးဌာနမှတ ဆင့် သစ်တောဦးစီးဌာန၊ မြေစာရင်း ဌာနတို့နှင့် ချိတ်ဆက်၍ ပြန်လည်ထိန်း သိမ်းမည့်အစီအစဉ်များ ချ မှတ်ဆောင်ရွက်ခြင်း | ၄။လူထုထင်းစိုက်ခင်းထူ ထောင်ခြင်း ၅။ ပုဂ္ဂလိက ကျွန်း စိုက် ခင်းထူထောင် ခြင်း |
| ၁၆။ ကဏ္ဍ – သဘာဝဘေးလျှော့ချရေးဖွံ့ဖြိုးမှုစီမံကိန်း | | | | | |
| မီးဘေးအန္တရာ ယ် ရှိသည်။ | အချိန်မရွေးမီးဘေးအန္တ ရာယ်ကျရောက်နိုင်သ ည်။ | မီးဘေးကို လူတိုင်း ဂရုမူမိ ကြသည်။ ကျေးရွာတွင် အရံမီးသတ် တပ်ဖွဲ့ ဖွဲ့စည်းထားသည်။ | ငွေကြေး မတတ်နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနမှတ ဆင့် မီးသတ်ဦးစီးဌာနသို့ တင်ပြခြင်း။ | မီးသတ်ကားထူထောင် ခြင်း |
| ၁၇။ ကဏ္ဍ– အမျိုးသမီးများ စွမ်းဆောင်ရည် မြှင့်တင်ခြင်း ဖွံ့ဖြိုးရေးစီမံကိန်း | | | | | |
| အမျိုးသမီးမျာ း စွမ်းဆောင် ရည် အားနည်း သည်။ | ဗဟုသုတ အားနည်း သောကြောင့် ဖြစ်သည်။ | အမျိုးသမီးများစွမ်းဆောင် ရည်မြှင့်တင်ပေးသော ဖွံ့ ဖြိုးရေးအဖွဲ့များ ဒေသအ တွင်းရှိသည်။ | အဖွဲ့အစည်းများနှင့်ချိတ် ဆက်မှု အားနည်းသည်။ | ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | ၁။ အိမ်တွင်းအကြမ်း ဖက်မှုကာကွယ်ခြင်း ဥပ ဒေသင်တန်း ၂။ အမျိုးသမီးကာ ကွယ် စောင့်ရှောက်နည်း သင်တန်း |
| ၁၈။ ကဏ္ဍ– မူဝါဒများ | | | | | |
| စိုက်ပျိုးမြေ များ ပုံစံ ၇ မရရှိခြင်း | စိုက်ပျိုးမြေများ ပုံစံ ၇ လျှောက်ထားရာတွင်အ ချိန် ကြန့်ကြာမှု အခက် | ကျေးရွာအဆင့်၊ မြို့နယ်အ ဆင့်မြေစီကော်မတီ တရား ဝင်ဖွဲ့စည်းထားသည်။ | မြေပြင်ကွင်းဆင်းစီစစ်မှု၊ အား နည်းသည်။လုပ်ငန်း ဆောင် ရွက်ပေးမှု၊ ဝန် | ကျေးလက်ဌာနမှတဆင့် မြေစီ ကော်မတီသို့ တင်ပြ လျှောက် | စိုက်ပျိုးမြေများ ပုံစံ ၇ ရရှိရေး |

| | | | | | |
|---|---|---|---|---|---|
| | အခဲများစွာ ရှိသည်။ | အကြိမ်ကြိမ်လျှောက်ထားသည်။ | ဆောင်မှုများကြွံကြသည်။ | ထားခြင်းနှင့် အခက်အခဲများကို လွှတ်တော်သို့ တင်ပြခြင်း | |
| ရွာမှမြို့သို့သွားလာရန်ခက်ခဲ ခြင်း | ရွာမှမြို့သို့ အရေးပေါ် သွားလိုလျှင်အခက်အခဲများဖြစ်ပေါ်သည်။ | ပုံမှန်ဘတ်စ်ကားလိုင်းပြေးဆွဲပေးပါကသွားလာရန် အဆင်ပြေမည်။ | ငွေကြေး အခက်အခဲ ရှိသည်။ | လွှတ်တော်သို့ တင်ပြခြင်း | ပုံမှန်ဘတ်စ်ကားလိုင်းပြေးဆွဲပေးရန် |
| ကျေးရွာတွင် ဆီချို၊ သွေးတိုးရောဂါများ အဖြစ်များပြီးဆေးဝါး ကုသစရိတ်များသည်။ | ဈေးကွက်အတွင်း ဓါတုဆေးဝါးမကင်းသော အသားငါး၊ အသီးအရွက်များကို ရောင်းချခြင်း၊ FDA မှ စစ်ဆေးအရေးယူမှုမရှိခြင်းကြောင့် သာမာန်ပြည်သူများ ငွေမသန့်သော အစားအစာများကိုနေ့စဉ်မလွှဲမရှောင်သာ စား သုံးနေကြရသောကြောင့်ဖြစ် သည်။ | FDA အဖွဲ့ကိုနိုင်ငံတော်မှတရားဝင်ဖွဲ့စည်းပေးထားပြီး လုပ်ကိုင်ခွင့် ဥပဒေများလည်း ပြဌာန်းထား ပြီးဖြစ်သည်။ | FDA မှ ထိထိရောက်ရောက်စစ် ဆေးအရေးယူမှုမရှိပါ။ စားသုံးသူ ရပိုင်ခွင့်ဥပဒေပြဌါန်းပြီးဖြစ်သော်လည်း အရေးယူဆောင်ရွက်မှုမရှိသေး ပါ။ | လွှတ်တော်ကိုယ်စားလှယ်မှ တဆင့် လွှတ်တော်သို့ တင်ပြခြင်း | ထိရောက်သောစားသုံးသူရပိုင်ခွင့်ဥပဒေပြဋ္ဌာန်းပြီး ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးရန်။ |
| ရွာသူ/သားများစိုက်ပျိုးမြေများဆုံးရှုံးမှုရှိ သည်။ | ပြည်သူ့စစ်၊ နယ်ခြားစောင့်တပ်ဖွဲ့နှင့် ကုမ္ပဏီများမှ မြေသိမ်းမှုများရှိသည်။ | ပြန်လည်စီစစ်ပေးရန် နိုင်ငံတော်မှ တရားဝင်အသိပေး ထားပြီးဖြစ်သည်။ | အချိန်မှီစီစစ်အရေးယူပေးနိုင် ခြင်းမရှိသေးပါ။ | လွှတ်တော်သို့ တင်ပြခြင်း | မြေသိမ်းယာသိမ်းကိစ္စများပြန်လည်စီစစ်အရေးယူဆောင်ရွက်ပေး ရန် |
| အလုပ်အကိုင်အခွင့်လမ်းများနည်းပါးလာခြင်း | ဒေသအတွင်းစက်ရုံ၊ အလုပ်ရုံမရှိသောကြောင့် အလုပ်အကိုင်ရှားပါးသည်။ | တစ်ချို့လုပ်ငန်းကျွမ်းကျင်သူများရှိသည်။ | အလုပ်လုပ်ချင်သောလူများရှိသည်။ | လွှတ်တော်သို့တင်ပြခြင်း | စက်ရုံထူထောင်ပေးခြင်း (ဖိနပ်/စက်ဘီး/မီးသီး) |
| စစ်ဘေးရှောင်ပြည်သူများတိုး လာခြင်းနှင့် အခက်အခဲများစွာရှိသည်။ | နယ်မြေမငြိမ်းချမ်းသေးသောကြောင့်စစ်ဘေးရှောင် ပြည်သူများ နေရပ်သို့ မပြန်နိုင်ကြသေးပါ။ | လူအများမှု ငြိမ်းချမ်းရေးတည်ဆောက်ရန် စိတ်အားထက်သန်ကြသည်။ | ငြိမ်းချမ်းရေးတည်ဆောက် နိုင်မှုမရှိသေး။ အပြန်အလှန်ယုံကြည်မှုနည်း နေသေးသည်။ | လွှတ် တော်သို့တင်ပြခြင်း | ငြိမ်းချမ်းရေးတည်ဆောက်ရန် |

| | | | | | |
|---|---|---|---|---|---|
| ခိုးမှု/လုယက်မှုများအဖြစ်များခြင်း | မူးရစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်း | လူထုအခြေပြုမူးယစ်ဆေးဝါးဆန့်ကျင်သောအဖွဲ့များရှိသည်။ | တရားဝင်ဖွဲ့စည်းခွင့်မရှိခြင်း | လွှတ်တော်သို့တင်ပြခြင်း | လူထုအခြေပြုမူးယစ်ဆေးကာကွယ်တားဆီးရေးအဖွဲ့တရားဝင်ဖွဲ့စည်းရန် |
| လယ်ယာထွက်ကုန်များဈေးနိမ်ခံရခြင်း | ဈေးကွက်တရားဝင်မရှိခြင်း | ကုန်သည်အသင်းများရှိခြင်း | အစိုးရမှတရားဝင်သတ်မှတ်ပေးခြင်းမရှိခြင်း | လွှတ်တော်သို့တင်ပြရန် | လယ်ယာထွက်ကုန်ဈေးကွက်တည်ငြိမ်ရေး |
| အမျိုးသမီးများလုပ်အားခရရှိမှုနည်းပါးသည်။ | အမျိုးသမီးများသည်အမျိုးသားများထက်လုပ်အားခရရှိမှုနည်းပါးခြင်း | အချို့အမျိုးသမီးများ အရည်အချင်းရှိသည်။ | အမျိုးသမီးများအတွေ့အကြုံဗဟုသုတနည်းသည်။ | ဥပဒေပြဌာန်းပေးရန်လွှတ် တော်သို့တင်ပြခြင်း | ကျား/မလုပ်အားခတန်းတူရရှိရေး |

**လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၄၈ဇယား)/ (အချို့မြို့နယ်များတွင် ၂၅ ဇယား)**
**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၀ | ၂၀ | ၃၀ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၁ | ၂၆ | ၅၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၆၇ | ၅၀ | ၁၁၇ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၆ | ၅၀ | ၉၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၆၆ | ၄၁၂ | ၇၇၈ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၇ | ၄၂ | ၆၉ |
| စုစုပေါင်း | | ၅၄၇ | ၆၀၀ | ၁၁၄၇ |
| စုစုပေါင်း အိမ်ထောင်စု (၁၈၀) | | တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၆.၃၇ | | |

**ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၈၀) ရှိပြီး လူဦးရေပေါင်း ၁၁၄၇(ကျား ၅၄၇ + မ ၆၀၀) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၆.၄၇ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော ၅ ယောက်နှုံးထက် များသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း ၃၀ ဦး၊ ၂.၆% သာရှိသဖြင့် ယခုနှစ်များတွင် မွေးဖွါးနှုံး ကျဆင်းလာနေသည်ကိုတွေ့ရသည်။ **၅ နှစ်အောက်ကလေး ၅၇ ဦး (၄.၉%) ရှိသည်ကို သိရှိခြင်းအားဖြင့် ကာကွယ်ဆေးထိုးရမည့် ကလေး အရေအတွက်ကို အတိအကျ သိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တွက်ချက်နိုင်မည်။ မူလတန်းအရွယ်ကလေး ၁၁၇ ဦး (ကျား ၆၇+မ၅၀) နှင့် အလယ်တန်းကျောင်းသား အရွယ် ၉၆ ဦး (ကျား ၄၆+မ ၅၀) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းနေနိုင်ခြင်း ရှိ/မရှိ ကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သောအရွယ် ၇၇၈ (ကျား ၃၆၆+ မ ၄၁၂)၊ (၆၇.၈%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ အသင့်အတင့်များ ပြားသည်ကို တွေ့ရသည်။ ၄င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာ အထောက်အကူဖြစ်မည်။ အလုပ်လုပ်ကိုင် နိုင်သောအရွယ်တွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၄၆ ဦး (၅.၉%) ပိုများနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး ၆၉ ဦး (ကျား ၂၇+မ ၄၂) ဦး (၆.၀၁%) ရှိသဖြင့် ကျေးရွာတွင် ကျန်းမာရေးအသင့်အတင့်ကောင်းမွန်သည်ကို တွေ့ရသည်။ သက်ကြီးရွယ်ကြီးတွင်လည်း အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၁၅ ဦး (၂၁.၇၄%) ပိုများနေသည်ကို တွေ့ရသဖြင့် အမျိုး သမီးများသည် အမျိုးသားများထက် အသက်ရှည်သည်ကိုတွေ့နိုင်သည်။**

(ခ)　　အလုပ်လုပ်နိုင်သူ အင်အား

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၆ | ၁၇၁ | ၂၄ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၇ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၄၃ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၄ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈ | ၈ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၄ | ၂ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၃ | ၅ | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၆ | ၂၂ | ၂၁ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၇ | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၇ | ၁၂ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၄ | ၁၄ | ၁၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၇ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၂၇ | ၅၀ | ၂၅၈ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၈၀ | ၂၉၈ | ၃၈၈ | ☒ |

**ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ခြေ ၁၈၀ ရှိသည့်အနက် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သူ (၉၁) အိမ် (ကပ ၈၆ + လသ ၅)၊မွေးမြူရေးကိုတွဲဖက်လုပ်ငန်းအဖြစ် ကိုယ်ပိုင်လုပ်ကိုင်သော အိမ် (၄၁)အိမ်၊ သတ္တုတူးဖော်ရေးလုပ်ငန်း ရွှေကျင်လုပ်ငန်းကိုအဓိကလုပ်ကိုင်သူ ကိုယ်ပိုင် (၁)အိမ်၊ ထုတ်ကုန်လုပ်ငန်း ဆန်စက်လုပ်ငန်းကို အဓိကလုပ်ကိုင်သူ ကိုယ်ပိုင် ၁ အိမ်နှင့် ဆီစက်လုပ်ငန်းကို တွဲဖက်လုပ်ကိုင်သောအိမ် ၃ အိမ်၊ ဆောက်လုပ်ရေး လက်သမားလုပ်ငန်းကို အဓိကအဖြစ်လုပ်ကိုင်သူ ၈ အိမ် (ကပ ၇ + လသ ၁)၊ ပန်းရံလုပ်ငန်းကို အဓိကလုပ်ငန်း အဖြစ်လုပ်ကိုင်သူ ၄ အိမ်(ကပ ၁ + လသ ၃)နှင့် ပန်းရံလုပ်ငန်းကိုလုပ်သားအဖြစ် တွဲဖက်လုပ်ကိုင်သူ (၂)အိမ်၊ လှည်းဖိုလုပ်ငန်းကိုအဓိက လုပ်ငန်းအဖြစ်ကိုယ်ပိုင်လုပ်ကိုင်နေသူ (၁) အိမ်၊ ဝပ်ရှော့လုပ်ငန်းကို အဓိကအဖြစ်ကိုယ်ပိုင်လုပ်ကိုင် နေသူ(၁) အိမ်နှင့် ဝပ်ရှော့လုပ်ငန်းကို တွဲဖက်လုပ်ငန်း အဖြစ် ကိုယ်ပိုင်လုပ်ကိုင်နေသူ (၃) အိမ်၊ အဓိကလုပ်ငန်းအဖြစ် မိတ္တူလုပ်ငန်းကိုကိုယ်ပိုင်လုပ်ကိုင်နေသူ (၁)အိမ်၊ ဈေးဆိုင်ရောင်းသူ ၁၆ အိမ်၊ ပို့ဆောင်ရေးလုပ်ငန်း အဓိကလုပ်ကိုင်သူ ၁၃အိမ်(ကပ ၆+ လသ ၇)နှင့် တွဲဖက်လုပ်ကိုင်သောအိမ်ထောင်စု(၁၂)အိမ်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် စစ်မှုထမ်းဝန်ထမ်းလုပ်ကိုင်သူ ၇ အိမ်နှင့် ဝန်ထမ်းလုပ်ကိုင်သူ ၆ အိမ်၊ပညာရေးဝန်ထမ်းလုပ်ကိုင်သူ ၂ အိမ်၊ တွဲဖက်လုပ်ငန်းအဖြစ် ကျန်းမာရေးဝန်ထမ်းလုပ်ကိုင်သူ (၁)

အိမ် ၊ ကျပန်းလုပ်ငန်းလုပ်ကိုင်သူ ၂၇ အိမ်နှင့် တွဲဖက်အနေဖြင့် နိုင်ငံခြားသို့ရွှေ့ပြောင်းသွားလာ လုပ်ကိုင်သူ (၈၁) အိမ် ၊ကျပန်းလုပ်ငန်းကို တွဲဖက်လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (၂၃)အိမ်၊ စုစုပေါင်း (၁၈၀) အိမ်ဖြစ်သည်။ ၄င်းတို့အနက် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ ၁၂၁ အိမ်နှင့် အလုပ်သမား/ဝန်ထမ်း လုပ် ကိုင်သူ ၅၉ အိမ်ဖြစ်သည်။ ဇယား (၁) တွင် အလုပ်လုပ်နိုင်သော အရွယ် (၇၇၈) ဦးရှိသော်လည်း ယခုအလုပ်လုပ်ကိုင်သူ ဦးရေစုစုပေါင်းမှာ (၆၈၆) (၂၉၈ + ၃၈၈= ၆၈၆) ဦးနှင့် အလုပ်လုပ်နိုင်သည့်အရွယ် အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်နေသူ စုစုပေါင်း (၆၂) ဦးမှအပ ကျန်ကျောင်းမနေတော့သည့် အလုပ်လုပ်သည့်အရွယ် ၃၀ ဦးမှာ အလုပ်လက်မဲ့ ဖြစ်နေကြသည်။ အလုပ်လုပ်ကိုင်နေသူ(၆၈၆)ဦးတွင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူ (၄၄၇)ဦး(၆၅.၁၆%) ရှိသောကြောင့် ကျေးရွာတွင်အလုပ်အကိုင်အခွင့် အလမ်းအလွန်နည်းပါးကြောင်းတွေ့ရှိရပါသည်။ ၁၈၀အိမ်မှအလုပ်လုပ် နေသူ ၆၈၆ ဦးရှိသောကြောင့် မိသားစုစားဝတ်နေရေးအတွက် တစ်အိမ်ထောင်ပျမ်းမျှ ၃.၈ ယောက်အလုပ်လုပ်နေကြောင်း သိနိုင်သည်။ တွဲဖက်လုပ်ငန်း လုပ်ကိုင်သူ ၃၃၈ ဦး ရှိသည်ကို ကြည့်ခြင်းအားဖြင့် ၁၈၀ အိမ်မှ ၃၃၈ ဦးသည်မိသားစု ရပ်တည်ရေးအတွက် လုပ်ငန်း တစ်မျိုးထက်ပို၍ လုပ်နေကြရသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၁၅၀၀ | ၁၅၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၂၅၀၀ | | ၂၅၀၀ | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၂၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ဝင်ငွေရလုပ်ငန်း ၆ မျိုးရှိသည်ကို တွေ့ရသည်။ ၎င်းတို့မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေး၊ သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆောက်လုပ်ရေး လက်သမား၊ ပန်းရံလုပ်ငန်းများ၊ ယာဉ် စက်ကိရိယာ ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေးလုပ်ငန်းနှင့် လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်း များဖြစ်ကြသည်။ ၎င်းလုပ်ငန်းများအနက် လက်လီ-လက်ကားရောင်းဝယ်ရေးလုပ်ငန်းတွင်သာ အမျိုးသားနှင့်အမျိုးသမီးလုပ်အားခ တန်းတူရကြပြီး ကျန်သောလုပ်ငန်းများတွင် အမျိုးသားနှင့် အမျိုးသမီး လုပ်အားခ တန်းတူမရကြပါ။ ၎င်းလုပ်ငန်းများအနက် ဆောက်လုပ်ရေးလုပ်ငန်းသည် လုပ်အားခဝင်ငွေ အများဆုံးဖြစ်ပြီး အမျိုးသား တစ်ရက်လုပ်အားခ ၁၂၀၀၀ ကျပ်အထိနှင့် အမျိုးသမီးများ တစ်ရက်လုပ်အားခ ၈၀၀၀ ကျပ်အထိရကြသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခ သိသာစွာ ခွဲခြားကြောင်းတွေ့မြင် ရသည်။

## (ဂ) သဘာဝရင်းမြစ်များ

## (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၆၇ | ကောင်း ☐ သင့်☒ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၃၇ | ကောင်း ☐ သင့် ☒ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၉၁ | ကောင်း ☐ သင့်☒ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၈၉ | ကောင်း ☐ သင့်☒ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၁၆ | ကောင်း ☐ သင့်☐ ညံ့☒ |
| စုစုပေါင်း | ၄၀၀ | ☒ |

ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ် ၆၇ ဧက၊ တောင်ယာမြေ ၁၃၇ ဧက၊ ဥယာဉ်ခြံမြေ ၉၁ ဧက၊ ကိုင်း/ကျွန်းမြေ ၈၉ ဧကနှင့် မြေလွတ်မြေလပ် ၁၆ ဧက၊ စုစုပေါင်း မြေ (၄၀၀) ဧက ရှိသည်။ ကိုင်း/**

**ကျွန်းမြေမှာ မြေဆီလွှာအရည်အသွေးကောင်းသော်လည်း ကျန်စိုက်ပျိုးမြေများမှာ မြေဆီလွှာ အရည်အသွေးသင့်သည်။ မြေလွတ်မြေလပ်များရှိသော်လည်း ကျေးရွာနှင့် ၂ဖာလုံခန့်ဝေးပြီး ဦးပိုင်မြေများဖြစ်သောကြောင့်စိုက်ပျိုးမြေချဲ့ထွင်ရန်ခက်ခဲသည်။**

## (ဂ-၂) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။) | များ ☐ သင့် နည်း Â မရှိ ☒ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☒ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☒ နည်း ☐ မရှိ ☐ | လွယ်☐ ခက်☒ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☒ မရှိ ☐ | လွယ် ☐ ခက်☒အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☒မရှိ ☐ | ☒ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် ဓါတ်ငွေ့၊ ရေနံ၊ ကျောက်မျက်များမရှိပါ။ ဆောက်လုပ်ရေးအတွက် သဲနှင့်ကျောက်ကို အသင့်အတင့် ရရှိနိုင်ပါသည်။ သဘာဝပေါက်ပင်များအနေဖြင့် သဘာဝပေါက် ဆေးဖက်ဝင်အပင်များမှာ တောရှောက်၊ သစ်မွှေး၊ ဒဏ်ကြေဆေးမြစ်၊ဆေးနွယ်ပင်၊ ဆင်တုံးမနွယ်၊ နွယ်နီများရှိသော်လည်း ကျွမ်းကျင်မှုမရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ထိရောက်စွာအသုံးမပြုနိုင်ကြပါ။ တိုင်းရင်းဆေးပညာသင်ကြားနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အကျိုးရှိလာ မည်ဖြစ်သည်။ သဘာဝတိရစ္ဆာန်များမှာ တောဝက်၊ချေါဒရယ်၊ ဆတ် စသည့်အနည်းငယ်သော တိရစ္ဆာန်မျိုးစိတ်များသာကျန်ရှိပါသည်။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ကေအထက် | ၁၀ကေ–၁ကေအောက် | မြေယာမဲ့ | မြေယာမဲ့ |
| အိမ်အခြေအနေ | သွပ်မိုး၊ အုတ်တက်၊ | သွပ်မိုး၊ပျဉ်ကာ၊ ပျဉ်ခင်း | သွပ်မိုး၊ထရံကာ | သက်ကယ်မိုး၊ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| | သံမံတလင်းခင်း | | | ထရံကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက် လက်တွန်း ထွန်စက် ၊ရေစုပ် စက် ၊ကျွဲ/ နွား | လက်တွန်းထွန် စက် ရေ စုပ်စက် ၊ကျွဲ/နွား | ကျွဲ/နွား | ပေါက်တူး၊ ပေါက်ပြား၊ ဓါး၊ တံဇဉ် |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ၊ အရောင်းအဝယ် | တောင်သူ၊ ဈေးရောင်း | တောင်သူ၊ကျပန်း | ကျပန်း |
| အိမ်ထောင်စု (၁၈၀) | ၃၅ | ၇၃ | ၆၄ | ၈ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ မော်ဖောင်းကျေးရွာတွင် အိမ်ခြေ ၁၈၀အိမ်ရှိပြီး အဆင့် ၁ (၃၅) အိမ် (၁၉.၄ %)၊ အဆင့် ၂ (၇၃)အိမ် ( ၄၀.၆%)၊ အဆင့် ၃ (၆၄) အိမ် (၃၅.၆%)၊နှင့် အဆင့် ၄ (၈) အိမ် (၄.၄%) ရှိသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်း ပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မဆိုင်သောပစ္စည်းများပိုင်ဆိုင်မှုသည် ကျေးရွာစီးပွါးဥစ္စာဓနအဆင့် ခွဲရာတွင် အဓိက အရေးပါသည်ကို တွေ့ရသည်။ ကျေးရွာတွင် အဆင့် ၁အိမ် အရေအတွက်မှာနည်းပါးပြီး အဆင့် ၂ အိမ်အရေအတွက်မှာ များပြားကြောင်းတွေ့ရှိရသည်။ အဆင့်(၁)နှင့် (၂) အိမ်ထောင်စုများသည် ဝမ်းစာဖူလုံကြသော်လည်း အဆင့် (၃) အဆင်မပြေနှင့် အဆင့် (၄) အလွန်အဆင်မပြေအိမ်ထောင်စု အရေအတွက်မှာ ၁၈၀ အိမ်အနက် ၇၂အိမ်ရှိသည်။ ၎င်းအိမ်များ၏ ပိုင်ဆိုင်မှုမှာ အလွန်နည်းပြီး ဝမ်းစာဖူလုံမှုမရှိကြပါ။ ထို့ ကြောင့် အဆင့် ၃ နှင့် အဆင့် ၄ အိမ်ထောင်စုများသည် အဆင့် ၁ နှင့် အဆင့် ၂ အိမ် များသို့ ကျပန်းသွားရောက်လုပ်ကိုင်ကြရသော်လည်း ပုံမှန်အလုပ်အကိုင်မရှိ၊ လုပ်အားခမှာလည်း အလွန်နည်းသောကြောင့် ပြင်ပ (ပြည်တွင်း/ပြည်ပ)သို့ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်စားသောက်ကြရသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| | | လုပ်အားခကြိုယူ = __________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၂ | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = __________<br>လုပ်အားခကြိုယူ = _____၂_____ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၁၉ | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = _____၁၉_____<br>လုပ်အားခကြိုယူ = __________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဆင့် (၃) ၆၄ အိမ်နှင့် အဆင့် (၄) ၈ အိမ်ရှိသောကြောင့် ဝမ်းစာဖူလုံမှုနှင့် အကြွေးတင်ရှိမှုစစ်တမ်းကို အဆင့် (၃) မှ ၁၉ အိမ်နှင့် အဆင့် (၄) မှ ၂ အိမ်ကို စစ် တမ်း ကောက်ယူရမည်ဖြစ်သည်။ စစ်တမ်းကောက်ယူမှုအရ ၃လနှင့် ၆လကြားဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စုမှာ ၂စုရှိပြီး လုပ်အားခကြိုယူခြင်း၊ဈေးဆိုင်များမှအကြွေးယူစားပြီးပြန်လည် ပေးဆပ်ခြင်းဖြင့် ဖြေရှင်းကြသည်။ ၆လမှ ၁၂လထိဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စုများမှာ ၁၉အိမ်ထောင်စုရှိပြီး ဆွေမျိုးများထံမှ ချေးယူကြရပြီး အတိုးမပေးရပါ။ လိုသလောက်ချေးငှားနိုင်ခြင်းမရှိကြပါ။ ဈေးဆိုင်များမှလည်းအကြွေးယူစားပြီး ပြန်လည်ပေးဆပ်ခြင်းဖြင့်လည်း ဖြေရှင်းကြပါသည်။

(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၃၂ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၄ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို များနှင့် မသန်စွမ်းသူများမရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ ၃၂ စု၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တခုလပ် အိမ်ထောင်စုမှာ ၄ ရှိသည်။ ကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲသူများသောကြောင့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများရခြင်း ဖြစ်သည်။ ၄င်းတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် အသက်မွေးဝမ်းလုပ်ငန်းကျွမ်းကျင်မှု ရှိလာပါက ဆင်းရဲသားများ မိသားစုဝင်ငွေ တိုးလာနိုင်ပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☒ | လတ် ☐ | နိမ့်☐ | မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☒ | လတ် ☐ | နိမ့်☐ | မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ | လတ် ☒ | နိမ့်☐ | မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ | လတ် ☒ | နိမ့်☐ | မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ | လတ် ☐ | နိမ့်☒ | မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ | လတ် ☐ | နိမ့်☒ | မရှိ ☐ |
| ၇ | လျှော် | မြင့် ☐ | လတ် ☐ | နိမ့်☒ | မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☒ | လတ် ☐ | နိမ့်☐ | မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☒ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☒ | လတ် ☐ | နိမ့်☐ | မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☒ | လတ် ☐ | နိမ့်☐ | မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☒ | လတ် ☐ | နိမ့်☐ | မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☒ | လတ် ☐ | နိမ့်☐ | မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☒ | လတ် ☐ | နိမ့်☐ | မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☒ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ | လတ် ☐ | နိမ့်☒ | မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ | လတ် ☒ | နိမ့်☐ | မရှိ ☐ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ | လတ် ☒ | နိမ့်☐ | မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ ဝမ်းစာမဖူလုံမှု၊ သဘာဝအရင်းမြစ်ရှားပါးမှု၊ မီးဘေး၊ မြေပြိုခြင်းမြေဆီလွှာပျက်စီးမှု၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါ ၊ နှင့် သစ်တောပြုန်းတီးမှုတို့မှာ ထိခိုက်လွယ်မှုမြင့်သည်။ ဝမ်းစာမဖူလုံမှု မြင့်ရခြင်းမှာ သစ်တောပြုန်းတီးခြင်းကြောင့် မြစ်ချောင်းရေခမ်းခြောက်ခြင်း၊ မြေဆီလွှာရေတိုက်စား၍ စိုက်ပျိုးမြေရှားပါးမှုကြောင့် ဖြစ်သည်။ သစ်တောပြုန်းတီးမှုမြင့်ရခြင်းမှာ သစ်တောများကို စည်းကမ်းမရှိခုတ်လှဲခြင်း၊ ဥပဒေစိုးမိုးမှု

အားနည်းခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်ကျင့်သုံးခြင်းနှင့် ထင်းမီးသွေးစီးပွါးဖြစ်ထုတ်ယူခြင်း တို့ကြောင့် ဖြစ်သည်။ မီးဘေးအန္တရယ်မြင့်မားရခြင်းမှာ မီးဘေးကြိုတင် ကာကွယ်ရေးဗဟုတုတ နည်းပါးခြင်းတို့ကြောင့်ဖြစ်သည်။ငှက်ဖျားရောဂါကျရောက်မှု ထိခိုက်လွယ်မှု မြင့်ရခြင်းမှာ ငှက်ဖျားဇုံတွင် ကျရောက်နေခြင်းနှင့် ဆင်းရဲသားမိသားစုမှာ ခြင်ထောင်သုံးစွဲနိုင်ခြင်းမရှိသောကြောင့် ဖြစ်သည်။

တီဘီရောဂါထိခိုက်လွယ်မှုမြင့်ခြင်းမှာလည်း ရောဂါပိုးသည်လေထဲမှ တဆင့်ကူးဆက်ခြင်းဖြစ်ပြီး ကြိုတင်ကာကွယ်နိုင်သော ဗဟုသုတနည်းပါးသောကြောင့်ဖြစ်သည်။ ကိုယ်ခံအားကျဆင်းမှုရောဂါ ထိခိုက်လွယ်မှုမြင့်ဖြစ်ရခြင်းမှာ မူးယစ်ဆေးဝါးသုံးစွဲသူများရှိပြီး ၊ ရွှေ့ပြောင်းသွားလာသူများပြား သောကြောင့် ၄င်းမှတဆင့် ကူးစက်သောကြောင့်ဖြစ်သည်။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ လူကုန်ကူးခြင်း စသည့်ထိခိုက်လွယ်မှု အဆင့်မှာ လတ်ဖြစ်သည်။ လူကုန်ကူးခြင်းဆိုင်ရာ အသိပညာနည်းပါးခြင်း တို့ကြောင့်ဖြစ်သည်။ ကျန်ထိခိုက် လွယ်မှု အမျိုးအစားများမှာ နိမ့်ဖြစ်သည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် မရှိ ☒ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၆ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများတွင် လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ၊ ဆင်းရဲသားတောင်သူများ၊ မြေနိမ့်ပိုင်းတွင် နေထိုင်သူများ၊ လက်လုပ်လက်စားများ၊ ကျပန်းများနှင့်ကားမောင်းပြီး အသက်မွေးသူများသည် ထိခိုက်သက်ရောက်နိုင်မှု မြင့်သည်။

လူငယ်များ ထိခိုင်သက်ရောက်နိုင်မှုမြင့်ရခြင်းမှာ လူငယ်များသည် မိသားစု ဝင်ငွေအတွက် အဓိက အလုပ်လုပ်ကိုင်ရသူများ ဖြစ်ပြီး မိသားစုနှင့် ဝေးကွာစွာ သွားရောက် အလုပ်လုပ်ကိုင်ရသောကြောင့် ကူးစက်ရောဂါများ အလွယ်တကူ ကူးစက်ခံရနိုင်မှုများခြင်း၊ ယဉ်အန္တရာယ် အချိန်မရွေး ကျရောက်နိုင်ခြင်း၊ လူကုန်ကူး ခံရနိုင်ခြေများခြင်း၊ ခိုက်ရန်ဖြစ်ပွါးမှု များခြင်းကြောင့် ထိခိုက်သက် ရောက်နိုင်မှု မြင့်ရခြင်းဖြစ်သည်။

| အဖွဲ့အလိုက် ငွေစု/ ငွေချေး အစီအစဉ် | ကာလတိုချေးငွေ ☒<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃-၆ လအတွင်း ☒<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☒<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☒<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☒<br>မရှိပါ ☐ |
| ငွေချေးပေးသူ | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | နေ့စဉ် ☐<br>လစဉ် ☐<br>၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| အပေါင်ဆိုင် | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | နေ့စဉ် ☐<br>လစဉ် ☐<br>၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| မိတ်ဆွေနှင့်ဆွေမျိုးများ | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | နေ့စဉ် ☐<br>လစဉ် ☐<br>၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☒<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☒ | လိုအပ်သည်☒<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☒ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုး**

**မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှုပေးသော အဖွဲ့များ။**

**မှတ်ချက်။ ။မြန်မာ့စီးပွားရေးဘဏ်၏ သတ်မှတ်ချက်အရ ကာလတိုချေးငွေ ဆိုသည်မှာ <u>အနည်းဆုံး တစ်ရက်မှ အများဆုံး တစ်နှစ်အထိ</u>၊ ကာလလတ်ချေးငွေ ဆိုသည်မှာ <u>၃ နှစ်မှ ၅ နှစ်အထိ</u>၊ ကာလရှည် ချေးငွေဆိုသည်မှာ <u>၅ နှစ်မှ ၁၀ နှစ် အထိ</u>ဟု သတ်မှတ်ထားပါသည်။ အကယ်၍ ၁၀ နှစ် ကာလအထက် ရှည်ကြာစွာချေးပေးသော ချေးငွေများရှိခဲ့သော ကာလရှည်ချေးငွေတွင်သာ ထည့်သွင်းပေးရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။** ။ မော်ဖောင်းကျေးရွာတွင် သမဝါယမချေးငွေရှိသည်။(၆)လ တစ်ကြိမ် အတိုးအရင်းဆပ်ရပြီး အတိုးနှုန်းမှာ (၁.၅) ရာခိုင်နှုန်းပေးရသည်။ကျေးရွာတွင် (၃)နှစ်အထက်နေထိုင်သူများကိုသာ ချေးသည်။ချေးငွေလုံလောက်မှုမရှိပါ။

မြစိမ်းရောင်ချေးငွေမှာ(၁.၅)ရာခိုင်နှုန်းသာဖြစ်သောကြောင့် အတိုးနှုန်းသက်သာသည်။ စိုက်ပျိုးရေး ၊မွေးမြူရေး၊ အရောင်းအဝယ်အသက်မွေးဝမ်းကျောင်းပြုသူများကိုသာ ငွေချေးသည်။ ချေးငွေကာလတစ်နှစ်သတ်မှတ်ပြီး အများဆုံးသိန်း(၃၀)မှ အနည်းဆုံး (၁)သိန်းချေးကာ အပေါင်ခံပစ္စည်းမလိုအပ်ပါ။ ကာလတို ချေးငွေ ဖြစ်ပြီး အိမ်ခြေ (၁၀၈)အိမ်သာ ချေးနိုင်သောကြောင့် ချေးငွေ လုံလောက်မှုမရှိသေးပါ။

ပုဂ္ဂလိက အသေးစားချေးငွေဝန်ဆောင်မှုများသည် ၃လမှ ၆လအတွင်းသာချေးသော ကာလတိုချေးငွေများဖြစ်သည်။ အတိုးအနေဖြင့် (၂၀) ရာခိုင်နှုန်းအထိပေးရသည်။ အပေါင်ခံပစ္စည်းထားရှိရန်လိုအပ် သည်။

တစ်ချို့ မိတ်ဆွေနှင့် ဆွေမျိုးများကလည်း လိုအပ်လျှင်ချေးပေးကြသည်။ အတိုးနှုန်းမှာ ၁၀ ရာခိုင်နှုန်းအထိရှိသည်။ အပေါင်ပစ္စည်းလိုအပ်သည်။

ကာလတိုချေးငွေများသာရှိသောကြောင့် တောင်သူများနှင့် သင့်လျော်သော အတိုးနှုံး သက်သာသည့် နှစ်ရှည်ချေးငွေပံ့ပိုးပေး ရန် တင်ပြကြသည်။

### (စ) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု

### (စ-၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| အကြောင်းအရာ | အန္တရာယ်ရှိမှု |
|---|---|
| **မြေဆီသြဇာ အခြေအနေ** | မြင့်☐ လတ်☐ နိမ့်☒ |
| **အပင်မျိုးစိတ်များ** | မြင့်☒ လတ်☐ နိမ့်☐ |
| **ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု** | မြင့်☒ လတ်☐ နိမ့်☐ |
| **ရေအရင်းအမြစ်** | မြင့်☐ လတ်☐ နိမ့်☒ |
| **ငါးမျိုးကွဲများ** | မြင့်☒ လတ်☐ နိမ့်☐ |
| **အခြားတိရစ္ဆာန်မျိုးကွဲများ** | မြင့်☒ လတ်☐ နိမ့်☐ |

| အကြောင်းအရာ | အန္တရာယ်ရှိမှု |
|---|---|
| **စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု** | မြင့်☐ လတ်☒ နိမ့်☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီ ဩဇာ အခြေအနေမှာ အန္တရာယ်ကျရောက်မှုနိမ့်သည်။ လူအသုံးဝင်သော အပင်မျိုးစိတ်များ (ဝါး၊ သစ်၊ ဆေး ဖက်ဝင်အပင်များ၊ သစ်ခွများ စသည်) မှာလည်း စည်းကမ်းမဲ့ထုတ်ယူသုံးစွဲခြင်းနှင့် ထိန်းသိမ်းမှု အား နည်းခြင်းတို့ကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ထို့ကြောင့် ဘယဆေးစိုက်ခင်း၊ လူထုထင်း စိုက်ခင်း၊ပုဂ္ဂလိကကျွန်းစိုက်ခင်းများပြုလုပ်ရန်လိုအပ်သည်။ ရာသီဥတုဖေါက်ပြန်ခြင်းနှင့် ဓါတု ဆေးဝါးများကို စနစ်တကျသုံးစွဲခြင်းမရှိသောကြောင့် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှု တွင်လည်း အန္တရာယ်ရှိမှု မြင့်သည်။ ရေအရင်းအမြစ်ထိခိုက်လွယ်မှု အဆင့်မှာနိမ့်သည်။ ဘက်ထရီဖြင့် ရှော့တိုက် ခြင်း၊ ပိုးသတ်ဆေးဘူးခွံများကို လယ်များ၊ ချောင်းများတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ငါးမျိုးကွဲ များ ပြုန်းတီးလာကြပြီး အန္တရာယ်ရှိမှု မြင့်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အကြောင်း ဟောပြောပွဲများ နှင့်အမှိုက်သိမ်းယာဉ်ထူထောင်ပေးရန် လိုအပ်သည်။ အခြားတောရိုင်းတိရစ္ဆာန်များ မှာလည်း စည်းကမ်းမဲ့ မုဆိုးလိုက်ခြင်းနှင့် ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် ရှားပါးလာပြီး အန္တရာယ် ရှိမှု မြင့်သည်။ ဂျီ၊ တောဝက်၊ ဒရယ်အနည်းငယ်သာ ရှိပြီး ရှားပါးလာသည်။

**(ဆ) ပညာရေး**

**(ဆ–၁) ပညာရေးနှင့် စာတတ်မြောက်မှု**

ဇယား (၃၈) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာ ပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| စာမတတ်သူဦးရေ | ၄၄ | ၈၉ | ၁၃၃ |
| မူလတန်းအဆင့်ရှိသူ ဦးရေ | ၁၃၇ | ၁၃၅ | ၂၇၂ |
| အလယ်တန်းအဆင့်ရှိသူ ဦးရေ | ၁၈၃ | ၁၆၄ | ၃၄၇ |
| အထက်တန်းအဆင့်ရှိသူ ဦးရေ | ၁၁၁ | ၁၁၂ | ၂၂၃ |
| တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေ | ၁၈ | ၃၂ | ၅၀ |

**ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊**

**မှတ်ချက်။** ။ ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ **ပညာရေး ဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော** အတန်းပညာ တက်ရောက်ပြီး/တက်ရောက်ဆဲသူများကိုသာ</u> ဖြည့် သွင်းရန်ဖြစ်ပါသည်။ **ဖော်ပြပါအချက်နှင့် ကိုက်ညီချင်းမရှိခဲ့သော် ဇယားတွင် ဖြည့်သွင်းခြင်းမရှိဘဲ လေ့လာ တွေ့ရှိချက်တွင်သာ မှတ်ချက်အနေဖြင့် ဖော်ပြရန် ဖြစ်ပါသည်။ အတန်းပညာပြီးမြောက်မှုဆိုသည်မှာ တစ်ဦး တစ်ယောက်၏ ဘဝတွင် သင်ယူလေ့လာခဲ့သော နောက် ဆုံးပညာရေးအဆင့်/ အခြေအနေကို ဆိုလိုပါသည်။**

**ဥပမာ – ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသူတစ်ယောက်သည် အဋ္ဌမတန်း** (Grade 8) **တွင် ပညာသင်ကြားနေသည်ဆိုသော် ထိုကျောင်းသူကို “အလယ်တန်းအဆင့်ရှိသူဦးရေ” တွင် ထည့်သွင်းရပါ မည်။ ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသားတစ်ယောက်သည် တတိယတန်း** (Grade 3) **တွင် ပညာ**

**သင်ကြားနေသည် ဆိုသော်၊ သို့မဟုတ် ရေးတတ်ဖတ်တတ်အဆင့်သာ (ဥပမာ – ဘုန်းကြီးကျောင်းထွက်) ရှိသည်ဆိုသော် အဆိုပါကျောင်းသား/ အဆိုပါပုဂ္ဂိုလ်ကို "မူလတန်းအဆင့်ရှိသူဦးရေ" တွင်သာ ထည့်သွင်းရပါမည်။ "ဘုန်းကြီးကျောင်းသင်ပညာရေး (ဘက–ကျောင်း)"ကို ဆည်းပူးခဲ့၊ ဆည်းပူးဆဲသော ကျောင်းသူ/သားများကို သက်ဆိုင်ရာအတန်းပညာအဆင့်အလိုက် ထည့်သွင်းရပါမည်။ ယခုစာရင်းကောက်ယူချိန်တွင် အခြေခံပညာမူလတန်းပညာကို သင်ယူပြီးဆုံးသင့်သည့်အရွယ်ကို ကျော်လွန်ပြီးဖြစ်သော်လည်း စာလုံး၀ မတတ်ပါက "စာမတတ်သူဦးရေ" တွင်သာ ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ၅ နှစ်အထက်လူဦးရေ (၁၀၆၀) ရှိသည့်အနက် စာမတတ်သူ ၁၃၃ ဦး (ကျား ၄၄ + မ ၈၉)၊ စာမတတ်သူဦးရေတွင် အမျိုးသမီးဦးရေသည်အမျိုးသားဦးရေထက် (၂)ဆရှိသည်ကိုတွေ့ရသည်။မူလတန်းအဆင့် အတန်းပညာပြီးမြောက်သူ ၂၇၂(ကျား ၁၃၇၊ မ ၁၃၅) ဦး၊ အလယ်တန်းအဆင့် အတန်းပညာပြီးမြောက်သူ ၃၄၇ဦး (ကျား ၁၈၃၊ မ ၁၆၄) ဦး၊ အထက် တန်းအဆင့် အတန်း ပညာပြီးမြောက်သူ ၂၂၃ ဦး (ကျား၁၁၁၊ မ ၁၁၂) ဦး၊ တက္ကသိုလ်၊ကောလိပ်အဆင့် အတန်းပညာပြီး မြောက်သူ (၅၀) (ကျား ၁၈၊ မ ၃၂) ဦးရှိသဖြင့် ကျေးရွာ၏ စာတတ်မြောက်မှု အခြေအနေ အသင့်တင့် ကောင်းမွန်သည်ကို တွေ့ရှိရပြီး အမျိုးသမီးများသည် အမျိုးသားများထက် ပညာတတ်မြောက်သူဦး ရေပိုများသည်ကို တွေ့ရသည်။

## (ဆ–၂) ကျောင်းတက်နှုန်း

**ဇယား** (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၈၀ | ၉၁ | ၁၇၁ |
| အလယ်တန်း | ၅၁ | ၅၁ | ၁၀၂ |
| အထက်တန်း | ၂၈ | ၂၃ | ၅၁ |
| တက္ကသိုလ်/ကောလိပ် | ၃ | ၈ | ၁၁ |

**ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၎င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။** ။ မူလတန်းကျောင်းသားအရွယ် ၁၁၇ ဦးရှိသည့်အနက် လက်ရှိ မူလတန်းတက်ရောက်သူမှာ ၁၇၁ ဦးတက်ရောက် နိုင်သဖြင့် မူလတန်းကျောင်းနေအရွယ်များ ၁၀၀% ကျောင်းတက် နိုင်သည်ကိုတွေ့ရှိရပြီး တခြားနီးစပ်ရာနယ်မြေများမှ ကျောင်းသား (၅၄) ဦး ကျောင်းတက်သည်ကိုတွေ့ရှိရသည်။ အလယ်တန်းကျောင်းသားအရွယ် ၉၆ ရှိသည့်အနက် လက်ရှိ အလယ်တန်းကျောင်းတက်သူမှာ ၁၀၂ဦး ရှိသည်။ (၆) ဦးမှာကျောင်းနေနောက်ကျခြင်းနှင့် အတန်းပညာကျခြင်းဖြစ်သည်။ အထက်တန်းကျောင်း တက်သူဦးရေ (၅၁) ဦးသာတက်ရောက်သောကြောင့် ကျောင်းထွက်

နှုန်းများကြောင်းတွေ့ရသည်။ အကြောင်းမှာ မိဘများဆင်းရဲသောကြောင့် ကျောင်းနေအရွယ်ကလေးများ ပြည်တွင်း/ပြည်ပ (တရုတ်) သို့ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ပြီး မိသားစုဝင်ငွေအတွက် အလုပ်လုပ်နေကြရသောကြောင့် ကျောင်းမတက်နိုင်ကြသည်ကိုတွေ့ရသည်။ တက္ကသိုလ်/ကောလိပ် တက်ရောက်နေသူ (၁၁) ဦးသာရှိ ကြောင်းတွေ့ရသည်။ ကျေးရွာလူဦးရေနှင့် နှိုင်းယှဉ်လျှင် ပညာရေး အားနည်းနေသေးကြောင်းတွေ့ရ သည်။

## (ဆ-၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

<table>
<tr><th>အကြောင်းအရာ</th><th colspan="3">(၁)</th><th colspan="3">(၂)</th><th colspan="3">(၃)</th></tr>
<tr><td>က။ ကျောင်းအဆင့်</td><td colspan="3">မူလတန်း ☒<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐</td><td colspan="3">မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐</td><td colspan="3">မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐</td></tr>
<tr><td>ခ။ ရွာမှ အကွာအဝေး (မိုင်)</td><td colspan="3">၀ မှ ၁ မိုင် ☒<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td><td colspan="3">၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td><td colspan="3">၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td></tr>
<tr><td>ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု</td><td colspan="3">ခြေလျင် ☒<br>စက်ဘီး ☒<br>ဆိုင်ကယ် ☐<br>ကား ☐</td><td colspan="3">ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐</td><td colspan="3">ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐</td></tr>
<tr><td>ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*</td><td colspan="3">၁၈၀’ x ၂၀’=၃၆၀၀’</td><td colspan="3"></td><td colspan="3"></td></tr>
<tr><td>င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး</td><td colspan="3">ကောင်း☒ သင့်☐ ညံ့☐</td><td colspan="3">ကောင်း☐ သင့်☐ ညံ့☐</td><td colspan="3">ကောင်း☐ သင့်☐ ညံ့☐</td></tr>
<tr><td>စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု</td><td colspan="3">လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☒</td><td colspan="3">လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐</td><td colspan="3">လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐</td></tr>
<tr><td>ဆ။ ကျောင်းအိမ်သာ အခြေအနေ</td><td colspan="3">ကောင်း ☐ သင့် ☒<br>ညံ့ ☐ မရှိ ☐</td><td colspan="3">ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐</td><td colspan="3">ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐</td></tr>
<tr><td>ဇ။ ကျောင်းအာဟာရတိုက်ကျွေးမှု</td><td colspan="3">တိုက်ကျွေးမှုရှိသည်☒<br>တိုက်ကျွေးမှု မရှိပါ ☐</td><td colspan="3">တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐</td><td colspan="3">တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐</td></tr>
<tr><td>ဈ။ ကျောင်းဆရာ/မ ဦးရေ</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td></tr>
<tr><td>အစိုးရခန့်</td><td>၁</td><td>၆</td><td>၇</td><td></td><td></td><td></td><td></td><td></td><td></td></tr>
<tr><td>ကျေးရွာခန့်</td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td></tr>
</table>

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။** ။ **ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မူလတန်းကျောင်းအဆင့်ထိရှိပြီး ကျောင်းသားဦးရေမှာ ၁၇၁ ဦးရှိသည်။ ကျောင်းဆောင်အကျယ်အဝန်းမှာ ၃၆ဝဝစတုရန်းပေ ရှိသည်။ ဆရာ/ဆရာမ ဦးရေ (၇) ယောက် ရှိသဖြင့် လုံလောက်မှုရှိသည်။ ကျောင်းအိမ်သာ အခြေအနေအသင့်အတင့် ကောင်းမွန်သော်လည်း လုံလောက် မှုမရှိပါ။ ကျောင်းသုံးပရိဘောဂများမှာ လုံလောက်မှုမရှိပါ။ကျောင်းအဟာရ တိုက်ကျွေးမှုအစီအစဉ် များလည်းရှိသည်။

**(ဆ-၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ**

ဇယား (၃၃) **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

| **အခက်အခဲ/ ပြဿနာ** | **ရှင်းလင်းချက်** |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် ☒ မလုံလောက် ☐ |
| တပည့် – ဆရာ အချိုး | ၄ဝ: ၁ အောက် ☒ ၄ဝ: ၁ အထက် ☐ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ ☐ နည်း ☒ လတ် ☐ များ ☐ |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | ရှိ ☐ မရှိ ☒ |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | လုံလောက် ☒ မလုံလောက် ☐ |
| **ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု** | မြင့် ☐ အသင့်အတင့် ☒ |
| **ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု** | မရှိ ☒ နည်း ☐ |
| **မိဘဆရာအသင်း၏အခန်းကဏ္ဍ** | ကောင်း ☒ သင့် ☐ ညံ့ ☐ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**လေ့လာတွေ့ရှိချက်။** ။ တပည့်ဆရာအချိုးမှာ ၄ဝ: ၁ အောက်ရှိသောကြောင့် ဆရာ/ဆရာမ လုံလောက်မှုရှိသည်။ မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် မရှိပါ။ မူလတန်းအဆင့် ကျောင်းထွက်နှုန်းနည်းသော်လည်း အလယ်တန်းပညာကျောင်းထွက်နှုန်းများပြားသည်။ ကျောင်းသုံးစာအုပ်နှင့် စာရေးကရိယာလုံလောက်မှုရှိသည်။ ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှုမှာ အသင့်အတင့်ရှိသည်။ ကျောင်းတွင် အားကစားကွင်းရှိသော်လည်း အားကစားပစ္စည်း လုံလောက်မှု မရှိ ပါ။ မိဘဆရာအသင်း၏ အခန်းကဏ္ဍမှာကောင်းမွန်သည်။

**(ဇ) ကျန်းမာရေးနှင့် အာဟာရ**

**(ဇ-၁) အဖြစ်များသော ရောဂါများ**

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* | | |
|---|---|---|---|---|
| *၁* | ဝမ်းပျက်ဝမ်းလျှော | *မြင့်*☐ | *နိမ့်*☒ | *မရှိ*☐ |
| *၂* | သွေးလွန်တုပ်ကွေး | *မြင့်*☒ | *နိမ့်*☐ | *မရှိ*☐ |
| *၃* | ငှက်ဖျား | *မြင့်*☒ | *နိမ့်*☐ | *မရှိ*☐ |
| *၄* | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | *မြင့်*☒ | *နိမ့်*☐ | *မရှိ*☐ |

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☒ | နိမ့်☐ | မရှိ☐ |
| ၆ | တီဘီ | မြင့်☒ | နိမ့်☐ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☒ | နိမ့်☐ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☒ | နိမ့်☐ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☒ | နိမ့်☐ | မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☒ | နိမ့်☐ | မရှိ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☒ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါးမှု နိမ့်သည်။ ဆင်းရဲသားများမှာ ခြင်ထောင်မသုံးစွဲနိုင်ခြင်း၊ ရေဝပ်ခြင်းနှင့် ခြုံပုတ်များရှိပြီး ခြင်ပေါသဖြင့် သွေးလွန်တုတ်ကွေး နှင့်ငှက်ဖျား ဖြစ်ပွါးမှု မြင့်သည်။ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါနှင့် လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါ၊ တီဘီရောဂါနှင့် အဟာရ ချို့တဲ့မှုရောဂါများ ဖြစ်ပွါးမှု မြင့်သည်။ ဟင်းချိုမှုန့် အလွန်အကျွံသုံးခြင်း၊ ဓါတုဆေးဝါးပါသော အသားငါး၊ ဟင်းသီး/ ရွက်နှင့် အသီးများ၊ အရောင်ချွတ်ဆေးပါသော အစားအစာများကို နေ့စဉ် မလွဲမရှောင်သာ စားသောက်နေရခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်သည့် အလေ့အထမရှိခြင်းတို့ကြောင့် ဆီးချို၊ သွေးတိုး ရောဂါမှာ အဆိုးဆုံးဖြစ်ပွါးပြီး ကျန်းမာရေးဆေးကုသစရိတ် ကုန်ကျမှုများကြသည်။ အသည်းရောင် ရောဂါ(ဘီ၊စီ) မှာလည်း အသက်ရှူလမ်းကြောင်းမှတဆင့် ကူးစက်ခြင်းနှင့် လူအသုံးအဆောင်များကို ရောဂါရှိသူများ နှင့် အတူသုံးစွဲရာမှတဆင့် အလွယ်တကူ ကူးစက်နိုင်သောကြောင့် အသည်းရောင်ရောဂါ (ဘီ၊စီ) အဖြစ်များသည်။ ကျေးရွာတွင် အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ ကျန်းမာရေးဗဟုသုတလည်း အားနည်းသည်။ ထို့ကြောင့် ကျေးရွာကျန်းမာရေးအနေဖြင့် ကျန်းမာရေးပညာပေးသင်တန်း၊ ကျန်းမာရေး လေ့ကျင့်ခန်းသုံးကရိယာများ လိုအပ်လျက်ရှိပြီး စားသုံးသူရပိုင်ခွင့် ဥပဒေပြဌာန်းပေးရန်လိုအပ် ပါသည်။

## (၈-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ☒ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ☒ | |
| ၃ | ပိုလီယိုရောဂါ | ☒ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ☒ | |
| ၅ | ဝက်သက်ရောဂါ | ☒ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု** | ☒ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊အလေးချိန်၊လက်မောင်းပတ်) | ☒ | |

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၈ | အာဟာရပညာပေး အစီအစဉ် | | ☒ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကာကွယ်ဆေးများကို ပုံမှန်ထိုးပေးလေ့ရှိသည်။အာဟာရပညာပေးအစီအစဉ် ပြုလုပ်ခြင်းမရှိပါ။**

**(၈–၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☒<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☒<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☒ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☒<br>၁၀ မိုင်အထက် ☐ | ရှိ ☒<br>မရှိ ☐ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီးအနားတွင် ဆေးဆိုင် ရှိသည် ☒<br><br>ရွာတွင် (သို့မဟုတ်) ရွာအနီးအနားတွင် ဆေးဆိုင် မရှိပါ ☐ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည် ☐<br><br>ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ ☒ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်း ကျေးလက်ဆေးခန်းရှိပြီး သားဖွားဆရာမရှိသောကြောင့် အရေးပေါ်ကိစ္စဖြစ်ပါက ကျေးလက်ဆေးခန်းသို့သွားရောက်နိုင်သည်။ တိုက်နယ်ဆေးရုံမရှိ၊ မြို့နယ်ဆေးရုံမှာ မြစ်ကြီးနားမြို့တွင် တည်ရှိပြီး ၉ မိုင်ကျော် ကွာဝေးသည်။ လမ်းကောင်းသော်လည်း အရေးပေါ်သွားလာရန် ယာဉ်မရှိသောကြောင့် အရေးပေါ်ကိစ္စများ အတွက်များစွာအခက်အခဲရှိသည်။

ထို့ကြောင့် အရေးပေါ်ယာဉ် လိုအပ်သည်။ ကျေးရွာအတွင်း ဆေးဆိုင်များရှိသော်လည်း စနစ်တကျ သိုလှောင်ထားခြင်းမရှိပါ။

**(ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

(ဈ-၁) သောက်သုံးရေ ရရှိမှု

ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | ၄၆ | ရှိ☐ မရှိ☒ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☒<br>ဆောင်း ☒ |
| အဝီစိတွင်း/ စက်တပ် | ၁ | ရှိ☐ မရှိ☒ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ တုံကင် | ၈၁ | ရှိ☐ မရှိ☒ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☒<br>ဆောင်း ☒ |
| မိုးရေ သိုလှောင်ကန် | ၂ | ရှိ☐ မရှိ☒ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☒<br>ဆောင်း ☒ |
| မြစ်/ချောင်းရေ | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| ရေကန် | ၂ | ရှိ☐ မရှိ☒ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☒<br>ဆောင်း ☒ |
| စိမ့်စမ်းရေ | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

**ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သောက်ရေတွင်း(၄၆) တွင်း၊ အဝီစိတွင်းစက်တပ် ၁ တွင်း၊ အဝီစိတွင်းတုံကင် (၈၁) ၊မိုးရေလှောင်ကန်(၂)ခု နှင့် ကိုယ်ပိုင်ရေကန် ၇ ခုရှိသော်လည်း ရေအရည် အသွေး ကောင်း/မကောင်း မသိကြပါ။ ထို့ကြောင့် သောက်ရေအရည်အသွေးစစ်ဆေးရန်လိုအပ်သည်။

အိမ်ထောင်စု (၄၃)စုမှာ ရေတွင်းရှိသော အိမ်များသို့သွားရောက်ခပ်ယူသုံးစွဲသည်။ အချို့သောက်ရေတွင်းများ မှာ မိုးနှင့်ဆောင်းသာ ရေလုံလောက်မှုရှိပြီး နွေရာသီတွင် လုံလောက်မှုမရှိပါ။

**(ဈ-၂) သန့်ရှင်းရေး အခြေအနေ** (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၇ |
| ရေလောင်း/ယင်လုံအိမ်သာ | ၆၉ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၉၃ |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | ၁၁ |

**ရင်းမြစ်… (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ၁၈၀အိမ်ရှိသည့်အနက် ရေဆွဲအိမ်သာသုံးစွဲသူ၇ အိမ်၊ ရေလောင်း/ယင်လုံအိမ်သာသုံးစွဲသူ ၆၉ အိမ်၊ တွင်းအိမ်သာသုံးစွဲသူ ၉၃ အိမ်နှင့် အိမ်သာမရှိသူ ၁၁ အိမ်ရှိသဖြင့် ကျေးရွာအနေဖြင့် ယင်လုံအိမ်သာသုံးစွဲနိုင်မှု ၄၂.၂၂% သာသုံးစွဲနိုင်သေးသည်ကို ကြည့်ခြင်း အားဖြင့် ယင်လုံအိမ်သာသုံးစွဲနိုင်မှုအားနေသည်ကို တွေ့ရနိုင်သည်။ ဆင်းရဲသားနှင့် ဆင်းရဲဆုံးအိမ် ထောင်စုများအတွက် ယင်လုံအိမ်သာပံ့ပိုးပေးရန်လိုအပ်သည်။

**(ည) ကျား – မ ရေးရာ**

ဇယား (၃၉) ကျား – မ ရေးရာ

| # | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | *ရှိ* ☒ | *မရှိ* ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | *ရှိ* ☒ | *မရှိ* ☐ |
| ၃ | **လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ** | *ရှိ* ☒ | *မရှိ* ☐ |
| ၄ | **လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ** | *ရှိ* ☐ | *မရှိ* ☒ |

**ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင် မှုခေါင်းဆောင်မှုကောင်းသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသော်လည်း လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများနှင့် လွန်ခဲ့သောနှစ် အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိကြသော်လည်း အိမ်တွင်းအကြမ်းဖက်မှု (အရက်မူးလာပါက ဇနီးနှင့် သားသမီးများကို ရိုက်နှက်ခြင်း၊ ဆဲဆိုခြင်း၊ အနိုင်ကျင့်ခြင်းများရှိသည်။ ထို့ကြောင့် အမျိုးသမီးများစွမ်းဆောင် ရည်မြှင့်တင်ရေးသင်တန်းများ၊ အိမ်တွင်းအကြမ်းဖက်မှု ကာကွယ်တာဆီးရေးသင်တန်းနှင် ဥပဒေများကို အမြင့်ဖွင့်သင်ကြားခြင်းများ လိုအပ်သည်။

### (ဋ) အခြေခံ အဆောက်အဦများ အခြေအနေ

### (ဋ-၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| **ရွာတွင်းလမ်း** | ၁☐ ၂☒<br>၃☐ ၄☐ ၅☐ | ကောင်း☐<br>သင့် ☒<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ်အထက်☒ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး☒ | ၀-၁ မိုင် ☐<br>၁-၅ မိုင် ☐<br>၅-၁၀ မိုင် ☒<br>၁၀မိုင်အထက်☐ |
| **ချဉ်းကပ်လမ်း** | ၁☐ ၂☐ ၃☐<br>၄☐ ၅☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင် ☐<br>၁-၅ မိုင် ☐<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| **ရွာချင်းဆက်လမ်း** | ၁☐ ၂☐ ၃☐<br>၄☐ ၅☒ | ကောင်း☐<br>သင့် ☒<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ်<br>☒<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး☒ | ၀-၁ မိုင် ☐<br>၁-၅ မိုင် ☒<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။** ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်းလမ်းများမှာ ကျောက်ချောလမ်းများဖြစ်ပြီး ပျက်စီးမှုများရှိသဖြင့် ပြုပြင်ရန်လိုအပ်သည်။ ရွာချင်းဆက်လမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး အသင့်အတင့်ကောင်းမွန်သည်။ လမ်း သက်တမ်းမှာ ၅ နှစ်အထက်ကြာမြင့်ပြီးဖြစ်ပြီး ၁-၅ မိုင်ခန့် ရှည်လျားသည်။

### (ဋ-၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကွန်ကရစ် တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| သစ်သား တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ဝါးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေပြွန် | ၉ | ကောင်း ☐<br>သင့် ☒<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☒<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☒ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရေပြွန်(၉)ခု ရှိပြီး (အလျား ၂၀'၊ အနံ ၃'နှင့် အမြင့် ၄'၅") အရွယ် ရှိသည်။ မိုးများသောအချိန်၌ ကျေးရွာ၏ မြေနိမ့်သောနေရာတွင် ရေပြွန်များမှ ရေမထွက်နိုင်ပဲရေမြုပ် မှုဖြစ်လေ့ရှိသည်။ ရေပြွန်များကိုအဆင့်မြှင့်တင်ရန်နှင့် ရေမြောင်းများအဆင့်မြှင့်တင်ရန်လိုအပ်သည်။

### (၄-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

**ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး** (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါ အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☒<br>၂၁ မှ ၅၀ မိုင် ☐ | ၁ ☐ ၂ ☒ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☒ |

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| | ၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | | |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။** ၁ – လှေ၊ သမ္ဗာန်၊ ၂ – စက်လှေ၊ ၃ – သင်္ဘော။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဧရာဝတီမြစ်ကြောင်းကို စက်လှေများဖြင့် ၁၁ မိုင်အထက် တစ်နှစ် ပါတ်လုံး သွားလာကြရသည်။မြစ်ကမ်းဘေးရှိအခင်းများသို့သွားရောက်ကျခြင်းဖြစ်သည်။

## (၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုး အစား | လှေ၊ သမ္ဗာန် | စက် လှေ | စက် ဘီး | မော်တော် ဆိုင်ကယ် | သုံးဘီး ဆိုင်ကယ် | ထော် လာဂျီ | ကား | မြင်း လှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | | ၁၂ | ၇၄ | ၁၇၉ | ၂၁ | ၃ | ၁၁ | ၁ | ၃၀ |

**ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် စက်လှေ ၁၂ စင်း၊ စက်ဘီး ၇၄ စင်း၊ မော်တော်ဆိုင်ကယ် ၁၇၉ စီး၊ သုံးဘီးဆိုင်ကယ် ၂၁ စီး၊ ထော်လာဂျီ ၃ စီး၊ ကား ၁၁ စီး ၊မြင်းလှည်း ၁ စီး နှင့် နွားလှည်း၃၀စီးရှိသည်။ သယ်ယူပို့ဆောင်ရေးယာဉ်လုံလောက်မှု ရှိသော်လည်း သွားလာရန် လိုအပ်ပါက စင်းလုံးငှါးသွားလာနေရသောကြောင့် ကုန်ကျစရိတ်များသည်။ အချိန်မရွေး အရေးပေါ်သွားလာရန်လိုအပ်ပါက အခက်အခဲရှိသည်။ ၄င်းအပြင် အချို့လူများ အလုပ်အကိုင်အခွင့် အလမ်း အနေဖြင့် ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်ထူထောင်လိုသော်လည်း အရင်းအနှီးမရှိသောကြောင့် ထူထောင်နိုင်ခြင်း မရှိပါ။ ထို့ကြောင့် အများပြည်သူသုံး ဘတ်စ်ကားလိုင်းပြေးဆွဲပေးပါရန်နှင့် ဆိုင်ကယ် နှင့် သုံးဘီး ဆိုင် ကယ်ထူထောင်ပေးပါရန် တင်ပြအပ်ပါသည်။

## (၅) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| **မဟာဓာတ်အားလိုင်း** | ၁၄၅ | ကောင်း☒ သင့်☐ ညံ့☐ မဖြေဆို☐ | ရှိ ☐ မရှိ☒ |
| ဆိုလာစနစ် | ၂၄ | ကောင်း☐ သင့်☒ ညံ့☐ မဖြေဆို☐ | ရှိ ☒ မရှိ☐ |
| အသေးစားရေအားလျှပ်စစ် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဒီဇယ်သုံးအင်ဂျင် | ၁၄ | ကောင်း☐ သင့်☒ ညံ့☐ မဖြေဆို☐ | ရှိ ☒ မရှိ☐ |

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| လေစွမ်းအင် | ၂ | ကောင်း☐ သင့်☒ ညံ့☐ မဖြေဆို☐ | ရှိ ☒ မရှိ☐ |
| ဇီဝလောင်စာ | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | | ကောင်း☐ သင့်☐ ညံ့☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | ၂ | ☒ | ☒ |

**ရင်းမြစ်…** (၁) **ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ၂၀၁၄ခုနှစ်မှစ၍ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲ သူ အိမ်ထောင်စု ၁၄၅၊ ဆိုလာစနစ်သုံးစွဲသူ ၂၄ အိမ်ထောင်စု၊ ဒီဇယ်အင်ဂျင်သုံးစွဲသူ ၁၄ အိမ်နှင့် လေစွမ်းအင်သုံးစွဲသူ ၂ အိမ်ထောင်စုနှင့် လျှပ်စစ်မီးမသုံးစွဲနိုင်သောအိမ်ထောင်စု (၂) စု ရှိသည်။

လျှပ်စစ်မီးသုံးစွဲရာတွင် မီးခဏခဏပျက်လေ့ရှိပြီး မီတာခမှာလည်း တစ်ယူနစ် ၁၁၀ ကျပ်ဖြစ်သောကြောင့် မီတာခများသည်။ လျှပ်စစ်မီးပျက်သောအခါ မီးစက်ကိုအသုံးပြုသူ(၇)အိမ်ရှိသည်။

ဆိုလာစနစ်သုံးစွဲသူ ၂၄ အိမ်ထောင်စုရှိပြီး ရာသီဥတုမကောင်းပါက အားမပြည့်ပါ။ စာကြည့် မီး အတွက်သာသုံးရပြီး ကျန်အိမ်သုံးလျှပ်စစ်ပစ္စည်းများအသုံးပြုမရနိုင်သောကြောင့် အခက်အခဲများ ရှိသည်။

ဒီဇယ်အင်ဂျင်အသုံးပြုရာတွင်လည်း ဆီဖိုးနှင့် ပြုပြင်ထိန်းသိမ်းစရိတ် ကုန်ကျမှုများသည်။ ကျန် အိမ်ထောင်စု (၂) စုခန့်မှာ ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်များ အသုံးပြုရသောကြောင့် စာကြည့်မီး အ လင်းရောင်သာရရှိပြီး အလင်းရောင်လုံလောက်မှုမရှိ၊ မီးဘေးအန္တရာယ်ရှိသည်။

## (၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| **အရေအတွက်** | ၃၁၅ | ၄၃ | ၁၁၇ | ၅၇ |

**ရင်းမြစ်…** (၁) **ဆယ်အိမ်စုဆွေးနွေးပွဲ၊**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် တယ်လီဖုန်းအရေအတွက် ၃၁၅ လုံးရှိပြီး အမ်ပီတီ၊ တယ်လီနောနှင့် အော်ရီဒူး ၃ မျိုးစလုံးလိုင်းမိ၊ လိုင်းကောင်းသည်။ တယ်လီဖုန်းကို အိမ်တိုင်းလိုလို အသုံးပြုနိုင်ကြပြီး အင်တာနက်လိုင်းအသုံးပြုကြသော်လည်း ဖေ့စ်ဘုတ်နှင့် ဗိုက်ဗာကဲ့သို့ လူမှုကွန်ယက်များကိုသာ အသုံးပြုကြသည်။ အရေးကြီးသည့် သတင်း၊နိုင်ငံရေး၊ စီးပွားရေးနှင့် အခြားလေ့လာ စရာ များကို အကျိုးရှိစွာ အသုံးပြုနိုင်ခြင်းမရှိကြသေးပါ။ တယ်လီဖုန်းအသုံးပြုရာတွင်လည်း ဖုန်းဘေလ်မှာ အသုံးပြုသည်ထက် ငွေဖြတ်တောက်မှုများခံစားနေကြရသော်လည်း အရေးယူဆောင်ရွက်မှုမရှိဘဲ ပြည်သူများ နစ်နာမှုများရှိသည်။

ရေဒီယို ၄၃ လုံးအသုံးပြုနေကြသော်လည်း ယေဘုယျအားဖြင့် အသုံးပြုသူနည်းနေသည်ကိုတွေ့ ရသည်။ အသုံးပြုသူနည်းရခြင်းမှာ ရေဒီယိုကို မြန်မာဘာသာဖြင့်သာ ထုတ်လွှင့်ပေးသောကြောင့် ဘာသာစကားအခက်အခဲရှိခြင်း၊ သတင်းများ အချိန်မီမထုတ်လွှင့်နိုင်ခြင်းနှင့် သတင်းများအပေါ် ဒေသ ခံ တိုင်းရင်းသားများအနေဖြင့် အဖြစ်မှန်နှင့်ကွဲလွဲမှုများရှိသဖြင့် လက်ရှိသတင်းထုတ်လွှင့်မှုများကို ယုံ

ကြည့်မှု နည်းကြသည်။ ထို့ကြောင့် တိုင်းရင်းသာရေဒီယိုအသံလွှင့်ဌာနများ ထူထောင်ရန် တင်ပြအပ်ပါသည်။

တီဗီ ၁၁၇ လုံးနှင့် ဂြိုလ်တုစလောင်း (PSI) လိုင်းများ အသုံးပြုကြသော်လည်း ဖျော်ဖြေမှု၊ ပညာပေးမှု၊ သတင်းပေးပြန်ကြားမှု အားနည်းပြီး ကြော်ငြာများသာ အများဆုံးထုတ်လွှင့်ပေးနေ သောကြောင့် ကြည့်ရှုသူများ အချိန်များစွာပေးရပြီး အကျိုးရှိမှုနည်းသည်။ ၄င်းအပြင် လူအများ စိတ်ဝင်စားသော အားကစား ဗိုလ်လုပွဲများ၊ ကမ္ဘာ့ဖလားပွဲများ နှင့် လက်ဝှေ့ပွဲများကို စကိုင်းနက်မှ လက်ဝါးကြီးအုပ်ထုတ်လွှင့်ပေးနေခြင်းနှင့် ညအချိန်မရှိ အားကစားပွဲများအား လူအများမှာ ရုပ်မြင် သံကြားရှိသော်လည်း ကြည့်ရှုနိုင်ခြင်းမရှိကြပါ။ ထို့ကြောင့် ၄င်းပွဲများကို အများပြည်သူသုံး ရုပ်မြင်သံကြားလိုင်းများမှ အခမဲ့ထုတ်လွှင့်ပေးပါရန် တင်ပြအပ်ပါသည်။

## (ဃ) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

**ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များ အနားယူ အပန်းဖြေရန် နေရာများ ပျော်ပွဲရွှင်ပွဲများ ရှိခြင်း | ရှိ ☐ မရှိ☒ မဖြေဆိုပါ☐ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☒ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☒ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပြုပစ္စည်းများ ရှိခြင်း | ကောင်း☐ သင့်☐ ညံ့☐ မဖြေဆိုပါ☒ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☒ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှု | မရှိ ☐ နည်း ☒ များ☐ |
| စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့် နေရာများ၊ လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များ စသည်တို့တွင် ဝင်ရောက် လေ့လာသင်ယူနိုင်ခြင်း | ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐ |

**ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ လူငယ်များအပန်းဖြေရန် သီးသန့်နေရာမရှိကြပါ။ အများစုမှာ တီဗီ (ရုပ်မြင်သံကြားကြည့်ခြင်း၊ အက်ဖ်အမ် ရေဒီယို နားထောင်ခြင်းဖြင့် အပန်းဖြေလေ့ရှိကြသည်။ တီဗီရုပ်မြင် သံကြားကြည့်ရှုသည့်အခါ အများပြည်သူကြည့်ရှုနိုင်သော ရုပ်သံအစီအစဉ်များမှာ ကြော်ညာများသာ ထုတ်လွှင့်နေပြီး ပညာပေးအစီအစဉ်၊ ဖျော်ဖြေမှု အစီအစဉ်အရမ်းနည်းပြီး အချိန်အရမ်းကုန်သည်။ လူငယ်များ အလွန်စိတ်ဝင်စားသော ဘောလုံးဗိုလ်လုပွဲ၊ လက်ဝှေ့ပွဲ၊ ကမ္ဘာ့ဘော်လုံးပွဲများကို စကိုင်းနက်မှသာ ထုတ်လွှင့်ပေးသောကြောင့် လူငယ်များ ကြည့်ရှုရန် များစွာအခက်အခဲရှိသည်။ လူငယ်များ မဖြစ်မနေကြည့်ရှုလိုပါက ဘီယာဆိုင်၊ လဘက်ရည်ဆိုင်များသို့ ညအချိန်မတော် သွားရောက် ကြည့်ရှုကြရသဖြင့် မလိုလားအပ်သော အရက်ဘီယာသောက်သုံးခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ယဉ်တိုက်မှု ဖြစ်ခြင်း

များ မကြာခဏကြုံရသည်။ ငွေကြေးကုန်ကျမှုများလည်းရှိသည်။ ထို့ကြောင့် လူငယ်များ စိတ်ဝင်စားသော အားကစားပွဲများကို အများပြည်သူကြည့်ရှုသည့် ရုပ်သံလိုင်းများမှ ထုတ်လွှင့်ပေးရန် တင်ပြကြသည်။

လူငယ်များလူမှုရေးဘာသာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မဖြစ်မနေတက်ကြွစွာ ပါဝင်လေ့ရှိသည်။

လူငယ်များအားကစားကွင်းရှိသော်လည်း အားကစားပစ္စည်းမရှိသောကြောင့် လူငယ်များ အားကစားတိုးတက်မှုနည်းသည်။

၄င်းအပြင်လူငယ်များ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမှု အားနည်းသည်။ လူငယ်များမှ ရိုးရာနှင့် ခေတ်မီတီးဝိုင်းထူထောင်ရန် စိတ်ဝင်စားကြသည်။

လူငယ်များ စာဖတ်နည်းပြီး ဖုန်းအင်တာနက် အသုံးပြုကြသော်လည်း အကျိုးရှိရှိ အသုံးမပြုကြဘဲ ဖေ့စ်ဘုတ်နှင့် ဗိုက်ဗာများသာ အသုံးပြုနေကြပြီး လေ့လာသင်ယူမှု အားနည်းသည်။ ထို့ကြောင့် စာပေဟောပြောပွဲပြုလုပ်ပေးရန်လိုအပ်သည်။

## (ဏ) ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး အခြေအနေ

### (ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ ကြေးနန်းလိုင်း၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်း စသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြု အဆောက်အဦများရှိခြင်း | ရှိ ☒ မရှိ ☐ မဖြေဆိုပါ ☐ |
| အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း | ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☒ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | ရှိ ☐ မရှိ ☒ မဖြေဆိုပါ ☐ |
| မှုခင်းများ ကာကွယ်တားဆီး လျော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်း | ရှိ ☐ မရှိ ☒ မဖြေဆိုပါ ☐ |

**ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဆက်သွယ်ရေးအနေဖြင့် အမ်ပီတီ၊ တယ်လီနောနှင့် အော်ရီဒူး ၃ လိုင်းစလုံးအသုံးပြုနိုင်ပြီး ဆက်သွယ်ရေးလိုင်း အားကောင်းသည်။ ဆက်သွယ်ရေးအဆောက်အဦး လုံလောက်မှုရှိသည်။

အာမခံလုပ်ငန်းနှင့် ပါတ်သက်၍ ဗဟုသုတနည်းပါးပြီး စိတ်ဝင်စားမှုလည်း မရှိကြပါ။ အာမခံလုပ်ငန်းနှင့် ပါတ်သက်၍ အသိပညာပေး ဟောပြောပေးသင့်သည်။

လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်များ မရှိသေးပါ။ ဗဟုသု တလည်း မရှိသေးပါ။

မူခင်းများ ကာကွယ်တားဆီး လျော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်း မရှိ၊ လုံလောက်မှုမရှိပါ။ ထို့ကြောင့် ဘာသာရေးအဖွဲ့အစည်းများမှ ဦးဆောင်၍ မူးယစ်ဆေးကာကွယ်တားဆီးမှုများပြုနေသော်လည်း တရားဝင် လုပ်ကိုင်ရခြင်းမဟုတ်သောကြောင့် ထိရောက်မှု မရှိဘဲ တားဆီးကာကွယ်ရေးဆောင်ရွက်သူများအတွက် အန္တရာယ်များသည်။ မူးယစ်ဆေးကာ ကွယ်တားဆီးမှုကို လူထုကို အခြေခံသော အဖွဲ့ တရားဝင်ဖွဲ့စည်းခွင့်ပြုရန် တင်ပြအပ်ပါသည်။

## (၏-၂) မူခင်းဖြစ်ပွားမှု

ဇယား (၄၈) မူခင်းဖြစ်ပွားမှု အခြေအနေ

| မူခင်းဖြစ်ပွားမှု အခြေအနေ | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| | စိုးရိမ်ရသည် ☐<br>သာမန် ☒<br>မရှိ ☐ | စိုးရိမ်ရသည် ☒<br>သာမန် ☐<br>မရှိ ☐ | စိုးရိမ်ရသည် ☒<br>သာမန် ☐<br>မရှိ ☐ | စိုးရိမ်ရသည် ☐<br>သာမန် ☐<br>မရှိ ☒ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ လူကုန်ကူးမှုမှာ ကျေးရွာတွင်မဖြစ်သေးသော်လည်း ဗဟုသုတ နည်းပါးသည်။ မူးရစ်ဆေးသုံးစွဲသူများပြားသောကြောင့် ခိုးမှုများပြားသည်။ မူးရစ်ဆေးဝါးသုံးစွဲသူများကို ထိရောက်စွာအရေးမယူသောကြောင့် မူးယစ်ဆေးအန္တရာယ်သည်စိုးရိမ်ရသည်။ မူးယစ်ဆေးကာကွယ် တားဆီးမှုကို လူထုကို အခြေခံသောအဖွဲ့ တရားဝင်ဖွဲ့စည်းခွင့်ပြုရန် တင်ပြအပ်ပါသည်။ ရွာတွင် အကြမ်းဖက် ခံရမှု မရှိသေးပါ။